မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၉ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၈၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံ့တာဝန်ကို စေတနာမှန်ကန်စွာ ကြိုးပမ်းထမ်းဆောင်လျက်ရှိသောတပ်မတော်

နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိရိုသေတဲ့ တပ်မတော်ဟာ နိုင်ငံတော်အကျိုးကို စိတ်ကောင်း စေတနာကောင်းနဲ့ သယ်ပိုးထမ်းရွက်နေတာပဲ ဖြစ်တယ်။ တပ်မတော်အစိုးရနဲ့ ပြည်သူတို့ဟာ စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်နေကြတာကြောင့် နိုင်ငံတော်ဟာ ယနေ့ကာလမှာ ကန့်သတ်ပိတ်ပင် ထိုးနှက်မှုပေါင်းစုံအကြားကပင်လျှင် တိုးတက်မှုကို ရရှိနေကြပြီ ဖြစ်တယ်။ ဒါကြောင့်လဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပြင် အကောင်းမြင်နိုင်ငံတွေကပါ မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကို လက်ခံလာကြတယ်။ ဒါဟာဆိုရင် ဒို့တပ်မတော်အနေနဲ့ တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို စွဲစွဲမြဲမြဲသယ်ပိုးရင်း ပြည်သူနဲ့ လက်တွဲပြီး နိုင်ငံ့တာဝန်ကို စေတနာမှန်ကန်စွာ ကြိုးပမ်းထမ်းဆောင်ကြလို့ပဲဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် တပ်မတော်နေ့မိန့်ခွန်းမှ–

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ကိုယ်စားလှယ် Mr. Rajiv Kapur အား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)



ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ကိုယ်စားလှယ် Mr. Rajiv Kapur အား **ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာ သီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၂၉ ရက်)

ဒေသအကျိုးပြု၊ နိုင်ငံ့အကျိုးပြု စီမံကိန်းလုပ်ငန်းများ တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

တပ်မတော်အစိုးရသည် နိုင်ငံအတွင်း ဖြစ်တည်စီးဆင်းလျက်ရှိသော မြစ်များ၊ ချောင်းများ၏ ရေစီးရေလာ အနေအထားကို လေ့လာသုံးသပ်ပြီး သဘာဝရေသယံဇာတများကို အဖြစ်နိုင်ဆုံးထိန်းချုပ် အသုံးပြုနိုင်ရန်အတွက် ဆည်တမံများသာမက ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းစေရန် ရည်မျှော်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

"သဘာဝကို သဘာဝအတိုင်းထားပါက တိုးတက်မှုရှိလာမည်မဟုတ်ဘဲ၊ သဘာဝကို လူ့လုပ်အားနဲ့ တည်ဆောက်ပြုပြင်သွားမှသာ တိုးတက်မှုရှိမှာဖြစ်တယ်"၊ "ဒေသဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းတွေနဲ့ သဘာဝ ပတ်ဝန်းကျင်တို့ဟာ တစ်ခုနဲ့တစ်ခု အမှီသဟဲပြု ဆက်စပ်လျက် ရှိတယ်"၊ "သဘာဝပတ်ဝန်းကျင်ကောင်း မရှိပါက ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို စိတ်တိုင်းကျဆောင်ရွက်နိုင်မှာ မဟုတ်တဲ့အတွက် သစ်တောသယံဇာတ၊ ရေသယံဇာတ၊ မြေသယံဇာတတွေကို ထိန်းသိမ်းစောင့်ရှောက်ကြရန် အရေးကြီးတယ်"

ဟူသည့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်က ဆည်တမံများ၊ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တည်ဆောက်ပေးနေသည့်နည်းတူ သစ်တော၊ သစ်ပင်၊ သဘာဝသယံဇာတများကို တိုင်းရင်းသား ပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်း ပြုစုကာကွယ်စောင့်ရှောက်သွားကြရန် အရေးကြီးပေသည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ်လ ၂၄ရက်နေ့က မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ကျည်တောင်-ခါမကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးသွားသည့် ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက် အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားရာ၌-

"နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဖိဖိစီးစီးကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မှာလည်း နိုင်ငံတော်တစ်ရပ်လုံး တည်ငြိမ်အေးချမ်းမှုရှိနေ၍ဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တက်ညီ လက်ညီ ပူးပေါင်းလက်တွဲ၍ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေး လုပ်ငန်း များအပါအဝင် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများအားလုံးကို ဝိုင်းဝန်းအကောင် အထည်ဖော် ဆောင်ရွက်သွားရန် အရေးကြီးကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်တစ်ရပ်လုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြို နိမ့်မြင့်ကွာဟချက် လျော့နည်းကျဆင်းပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တပ်မတော်အစိုးရသည် ဆည်တမံများ၊ ရေအားလျှပ်စစ်စီမံကိန်း များသာမက ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအလိုက်၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်စေရန် စီမံ ချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မျက်မှောက်ကာလတွင် နိုင်ငံတော်တစ်ဝန်း လုံးရှိကဏ္ဍအားလုံး၌ တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ထွက်လျက်ရှိသည်ကို မျက်ဝါးထင်ထင်တွေ့မြင် နေရသည်။

ထိုသို့ တိုးတက်ဖြစ်ထွန်းမှုများသည် နိုင်ငံတော်က စီမံကိန်းများကို ချမှတ်ဖော်ဆောင်ပေးနိုင်ခြင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ ကိုယ်ပိုင်စွမ်းပကားများဖြင့် အစွမ်းကုန်ဆောင်ရွက်ခြင်း၊ သဘာဝသယံဇာတ အရင်းအမြစ်များကို အပြည့်အဝထုတ်ယူအသုံးချခြင်းနှင့် တိုင်းရင်းသားပြည်သူများ၏ အသိတရားရှိရှိ ပါဝင်ပူးပေါင်း ဆောင်ရွက်ခြင်းများကြောင့် အောင်မြင်ဖြစ်ထွန်းမှုများ ပေါ်ထွက်လာခြင်းဖြစ်သည်။

အဆိုပါ ပေါ်ထွက်လာသော အောင်မြင်ဖြစ်ထွန်းမှုများအနက် မကြာမီက ဖွင့်လှစ်ပေးခဲ့သည့် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကြီးသည် နိုင်ငံတော်အတွက် လိုအပ်နေသည့် လျှပ်စစ် ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးတို့ကို အထောက် အကူပြုသွားမည့် တိုင်းကျိုးပြည်ပြု စီမံကိန်းကြီးဖြစ်ပေသည်။

သို့ဖြစ်ရာ တန်ဖိုးရှိရှိ၊ နားလည်မှုရှိရှိ ပေါင်းစည်းဆက်စပ်လုပ်ကိုင်မှုကြောင့် ပေါ်ထွက်လာ သည့် ဒေသအကျိုးပြု၊ နိုင်ငံတော်အကျိုးပြု စီမံကိန်းလုပ်ငန်းကြီးများကို တိုင်းရင်းသားပြည်သူများက နိုင်ငံ့သားကောင်းပီသစွာဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရ ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ မော်တော်ယာဉ် မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များအား အဖွဲ့နှစ်ဖွဲ့ခွဲ၍လှည့်လည်စစ်ဆေး

ရန်ကုန် မတ် ၂၈

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ကော်မတီဝင်စစ်ဆေး ကြပ်မတ်ရေးအဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယမန်နေ့နံနက်ပိုင်းကလည်းကောင်း၊(အပေါ်ပုံ) **ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် အဖွဲ့ဝင်များဖြစ်ကြသည့် တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ညနေပိုင်းတွင်လည်းကောင်း မော်တော်ယာဉ် မသုံးစွဲရနေ့စစ်ဆေးရေး အဖွဲ့များက ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။**

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယမန်နေ့က စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ် သုံးစွဲခွင့် လက်မှတ် Dry Day Pass၊ ယာဉ်မောင်း လိုင်စင်၊ ယာဉ်လိုင်စင် (ဗီုးတက်)တို့ ပါရှိခြင်းရှိမရှိနှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်း ရှိမရှိတို့ကို စစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကိုလည်း စစ်ဆေးကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၉-၃-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Statistical Theory and Generation Functions. (ဒုတိယနှစ်-စီးပွားရေး)
- ၅:၃၀ ၉။ ပညာခေတ်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၂၅)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း-၁၄)

စမ်းချောင်းမြို့နယ် မြို့နယ်အဆင့် ထူးချွန်ထက်မြက်ဆုရသူများ ဂုဏ်ပြုပွဲကို စံပယ်ခန်းမတွင် ဖေဖော်ဝါရီ ၂၄ရက်က ကျင်းပရာ မြို့နယ်ဆင့် ကျောင်းလုပ်ငန်း ထူးချွန်ပထမဆုရ မမြတ်ဖြူဖြူဇင် (အမက-၁၂)အား လက်ထောက်ပညာရေးမှူး ဦးသိမ်းမောင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၂၉)

တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ တပ်မတော်နေ့ပြပွဲသို့ လာရောက်လေ့လာသည့် နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့်ဇနီးများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား

ရန်ကုန် မတ် ၂၈

တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ခင်းကျင်းပြသထားသည့် နှစ် (၆၀)ပြည့် တပ်မတော်နေ့ပြပွဲ ပြခန်းများကို လာရောက်ကြည့်ရှုလေ့လာသော နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့်ဇနီးများအား ကြိုဆို နှုတ်ခွန်းဆက် စကားပြောကြားသည်။

တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများ နာယက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Col. Onechanh Phetsalat ခေါင်းဆောင်သော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာစစ်သံမှူးများ နာယက လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ စစ်သံမှူး Col. Onechanh Phetsalat ခေါင်းဆောင်သော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ဇနီးများသည် နံနက် ၈ နာရီတွင် တပ်မတော်စစ်သမိုင်းပြတိုက်သို့ရောက်ရှိလာကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ကြိုဆိုကြသည်။

နှုတ်ခွန်းဆက်စကားပြော

ထို့နောက် တပ်မတော်စစ်သမိုင်းပြတိုက် အစည်းအဝေးခန်းမ၌ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေက စစ်သံမှူးများနှင့် ဇနီးများအားကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ကာကွယ်ရေးဝန်ကြီးဌာန စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှဒုတိယတပ်မတော်မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းက တပ်မတော်သမိုင်းနှင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအကြောင်းကို အကျဉ်းချုံး ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများ နာယက လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ စစ်သံမှူး Col.Onechanh Phetsalat က ကျေးဇူးတင်စကားပြောကြားပြီး တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် စစ်သံမှူးများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ဇနီးများသည် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များနှင့်အတူ နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲတွင် ခင်းကျင်းပြသထားသည့် နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ စစ်သမိုင်းပြခန်း၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ ဝန်ကြီးဌာနပြခန်းများ၊ တပ်မတော်(ရေ)ပြခန်း၊ တပ်မတော်(လေ)ပြခန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ဒုတိယတပ်မတော် မော်ကွန်းတိုက်မှူးနှင့် ပြခန်းတာဝန်ခံများက ပြခန်းအလိုက် လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

တောင်ဥက္ကလာပမြို့နယ် ၁၁ ရပ်ကွက်လုံးဆိုင်ရာ သာသနဟိတမွှော ရုံကြီးတွင် မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကြီးကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သြဘာလမ်း စကြာရန်အောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သီရိသာသန ဓဇပါဠိ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဘဒ္ဒန္တသုန္ဒာစာရဆရာတော်က ဦးဆောင်၍ ခုနစ်ရက်တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီသူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး ဧပြီ ၁၀ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

အထက(၂)မရမ်းကုန်း အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၈

အထက(၂)မရမ်းကုန်း (ယခင် စိန့်ဂျူစ်အကယ်ဒမီ)၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ယခင်ကြေညာထားသည့် နေ့ရက်အစား ဧပြီ ၁၀ရက် နံနက်၁၀နာရီတွင် အထက (၂)မရမ်းကုန်း၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံမည့် ဆရာ ဆရာမကြီးများအား အပူဇော်ခံ ကြွရောက်ရန်နှင့် အဝေးရောက် ဆရာ ဆရာမများ၊ လက်ရှိကျောင်း၌ တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်ရန်လိပ်စာမှာ ဒေါ်ခင်မြတ်သူ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး ဖုန်း-၀၉-၈၀၂၅၁၉၉၊ ၆၄၁၆၁၄၊ ဒေါ်နီလာစိုး ဖုန်း-၀၉-၈၀၃၀၂၃၆၊ ၆၆၇၉၁၆၊ ဒေါ်ခင်စန်းယုဝေ ဖုန်း-၀၉-၅၀၀-၄၈၅၉၊ ဒေါ်ငြိမ်းငြိမ်းဟန် ဖုန်း-၀၉-၉၉၇၀၇၉၈၊ ဦးထွန်းဝင်းဟန် ဖုန်း-၀၉-၅၀၀-၆၀၄၁၊ ဒေါ်အေးအေးမော် ဖုန်း-၆၅၂၀၇၄၊ ဦးကျော်လေး ဖုန်း-၆၆၃၁၃၅၊ ဦးလှိုင်ဘွားထွန်း ဖုန်း-၆၄၁၁၇၉၊ ဦးထွန်းထွန်း (မိသားစုစတိုး၊သမိုင်းလမ်းဆုံ)ဖုန်း-၆၆၃၅၄၆၊ ဒေါ်နီနီ အထက(၂) မရမ်းကုန်း ဖုန်း-၆၆၂၀၇၈နှင့် ဒေါ်ကြည်ကြည်အေး အထက(၂) မရမ်းကုန်း ဖုန်း-၆၆၂၀၇၈တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်နေ့စာပေအနုပညာပြိုင်ပွဲ ပြပွဲ ရဟန်းရှင်လူပြည်သူများ ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂၈

နှစ်(၆၀) ပြည့်တပ်မတော်နေ့စာပေအနုပညာပြိုင်ပွဲပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူတို့အား ဖွင့်လှစ်ပြသထားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသားကျောင်းသူများ၊ ရဟန်းရှင်လူပြည်သူများလာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲ ပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်း ဖြေဆိုပွဲကို နေ့စဉ်ကျင်းပပေးလျက်ရှိပြီး ဖြေဆိုပွဲအပြီးတွင် ဆုငွေများကို ချီးမြှင့်ပေးအပ်သည်။ အဆိုပါ ပြိုင်ပွဲပြပွဲကို ဧပြီ ၄ ရက်အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အဝိဋ္ဌာန်

“နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အသက်စွန့်မည့် မျိုးချစ်မြန်မာ့တပ်မတော်သည် အဖျက်ရန်စွယ်အန္တရာယ် မှန်သမျှကို ပြည်သူလူထုနှင့်အတူ လက်တွဲ ချေမှုန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက် ချီတက်မည်ဟု အဓိဋ္ဌာန်ပြုပါ၏။”

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု

စွန့်လွှတ်စွန့်စား တပ်မတော်သား

★ မြန်မာမှန်လျှင်
သူ့ဆန် သူ့ဟင်း၊ သူ့ထမင်း၌
ခံတွင်း မမြိန်၊ မတင်းတိမ်ဘဲ
စည်းစိမ်လောဘ၊ မတက်ကြလည်း
နှိမ့်ချ ပြစ်မှား၊ သူတစ်ပါးက
တရား မဲ့ကင်း၊ ဒို့ပြည်တွင်းသို့
ချင်းနင်းကျူးကျော်၊ ရန်စသော်မူ
မြေပေါ် တစ်လက်မ၊ ခြေမချအောင်
တက်ကြွမှုန်းချေ၊ တိုက်ထုတ်ပေအံ့။

★ မြန်မာမှန်လျှင်
သူ့ကန် သူ့ကျောင်း၊ သူ့ချောင်း သူ့ရေ
သူ့ ဌာနေနှင့်၊ သူ့ ဆွေမျိုးအကြောင်း
မကောင်းမဆို၊ ဝန်တိုကင်းမဲ့
မကဲ့ရဲ့လည်း
ချီးဖဲ့ပြစ်တင်၊ အဆိုးမြင်ဖြင့်
ဉာဏ်ဆင်နှုတ်ခွန်း၊ တို့ကိုညွှန်းသော်
တစ်ခွန်းမခံ၊ ဒို့တွန်းလှန်၍
တော်မှန်ရေးအတွက်၊ တို့ချေဖျက်အံ့။
ဤရေ ဤမြေ၊ ဒို့ဌာနေတည့်
ဤမြေမှာ ဖွား၊ ဒို့သွေးသားတည့်
ဝင့်ကြွားစွမ်းဆောင်၊ သတ္တိပြောင်သော်
အောင်တိတ် အောင်ဟိတ်၊ အောင်နိမိတ်ဖြင့်
အောင်ရိပ်ဝေစည်၊ ငါတို့ပြည်ကို
ရေကြည်မခန်း၊ ပွင့်ပန်းမညှိုး
အလှတိုးအောင်
ကိုယ်ကျိုးစွန့်ထား၊ တပ်မတော်သားတို့
ပြည့်သား ပီသ၊ ကာကွယ်ကြမည်
မြန်မာ့ မြေသည် စည်းလုံးညီ။
သူ့ကျွန် ဘယ်တော့ မဖြစ်ပြီ။
မျိုးချစ် မြန်မာ ပီရမည်။ ။

ခွန်ရဲသွေး(အေးသာယာ)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

(မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

ကမ္ဘာတစ်ဝန်း နှစ်စဉ်သေဆုံးသော ကလေးများ၏ ၇၃ ရာခိုင်နှုန်း တားဆီးကာကွယ်နိုင်သည့် ရောဂါကြီးခြောက်မျိုးကြောင့် ဟုဆို

လန်ဒန် မတ် ၂၅

နှစ်စဉ် ကလေးများသေဆုံးမှု၏ ၇၃ရာခိုင်နှုန်းသည် ကာကွယ်တားဆီးနိုင်သော အဓိက ရောဂါကြီးခြောက်မျိုးကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သောကြာနေ့၌ ပြောကြားလိုက်သည်။

အဆုတ်ရောင်ရောဂါကြောင့် အသက်ငါးနှစ်အောက်ကလေး ၁၉ရာခိုင်နှုန်းသေဆုံးရပြီး ၎င်းနောက်တွင် ဝမ်းလျှောခြင်း၊ လမစေ့မီမွေးဖွားခြင်း၊ ငှက်ဖျား၊ သွေးကူးစက်ခြင်းနှင့် မွေးဖွားချိန်၌ အောက်စီဂျင်ချို့တဲ့ခြင်းတို့ကြောင့် ကလေးများ သေဆုံးကြရသည်ဟု ဆိုသည်။

ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်သေဆုံးသော အသက်ငါးနှစ်အောက်ကလေးငယ် ၁၀ဒသမ ၆သန်းအနက် ၁၀ဦးလျှင် ခုနစ်ဦးကျော်မှာ ရောဂါခြောက်မျိုးကြောင့် သေဆုံးရပြီး ကလေးသေဆုံးမှု အားလုံး၏ ထက်ဝက်ကျော်မှာ ကူးစက်ရောဂါလေးမျိုးကြောင့် သေဆုံးရသည်ဟု ဘော်လ်တီမိုးရှိ ပြည်သူ့ကျန်းမာရေးဌာန၏ ဂျွန်ဟော့ ကင်ဘလွန်းဘာ့ဂ်ကျောင်းမှ ရောဘတ်ဘလက်ခ်က ပြောကြားသည်။

ဖော်ပြပါ ကိန်းဂဏန်းများကို ဘလက်ခ်နှင့်သူ၏လုပ်ဖော်ကိုင်ဖက်များက ထုတ်ပြန်ကြေညာချက်များနှင့် ဆက်လက်လေ့လာမှု အချက်အလက်များအပေါ် အခြေခံကာ ပြုစုခဲ့ခြင်းဖြစ်ပြီး လန်ဆက်ဆေးပညာဂျာနယ်၌ ဖော်ပြခဲ့သည်။

ကလေးငယ်များ သေဆုံးမှုအားလုံး၏ ၅၃ရာခိုင်နှုန်းသည် အာဟာရဓာတ်ချို့တဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ဖော်ပြသည်။ ဝက်သက်၊ မွေးကင်းစ မေးခိုင်ရောဂါနှင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်တို့သည်လည်း သေဆုံးမှုများ၏ အချိုးအစားအနည်းငယ်ရှိသည်ဟု ဆိုသည်။

အာဖရိကတိုက်တွင် ကလေးငယ်အများစုသည် ငှက်ဖျားကြောင့် သေဆုံးကြပြီး ဆူဒန်နှင့် ဆိုမာလီနိုင်ငံတို့၌ ငှက်ဖျားကြောင့် သေဆုံးနှုန်း အမြင့်ဆုံးဖြစ်သည်ဟု သိရသည်။

အဆုတ်ရောင်ရောဂါ၊ ငှက်ဖျား၊ဝမ်းလျှော ရောဂါနှင့် ဝက်သက်ရောဂါတို့သည် တားဆီးကာကွယ်နိုင်သော ရောဂါများဖြစ်ကြပြီး ကလေးသေဆုံးမှုများ၏ ၄၈ရာခိုင်နှုန်းမှာ ထိုရောဂါများကြောင့် ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ ရိုက်တာ

အင်ဒိုနီးရှား၏ ရေသန့်စီမံကိန်း ဒေါ်လာ ၂၂သန်း ဒတ်ချ်အစိုးရထောက်ပံ့ကူညီ

ဂျကာတာ မတ် ၂၆

အင်ဒိုနီးရှားအစိုးရ၏ ရေသန့်စီမံကိန်းအတွက် ဒတ်ချ်အစိုးရက ဒေါ်လာ၂၂သန်း ထောက်ပံ့ကူညီထားကြောင်း ဒီတစ်ခ်အွန်လိုင်းက အင်ဒိုနီးရှားဆိုင်ရာ ဒတ်ချ်သံအမတ်ကြီး၏ ပြောဆိုချက်ကို ကိုးကားလျက်သတင်းဖော်ပြလိုက်သည်။

ပြောကြား

အဆိုပါ ကူညီထောက်ပံ့မှုသည် ပြည်သူလူထုသို့ ရေသန့်နှင့်ရေဆိုးနုတ်စနစ် အထောက်အပံ့ပစ္စည်းများ ပေးရန် အင်ဒိုနီးရှားအစိုးရကို အထောက်အကူပေးဖို့ ရည်ရွယ်ကြောင်း ဒတ်ချ်သံအမတ်ကြီးက ကြာသပတေးနေ့၌ ပြောကြားခဲ့သည်။

မျှော်လင့်

အဆိုပါ အထောက်အပံ့များသည် ဆင်းရဲသောပြည်သူများကို ဦးစားပေးမည်ဟု သံအမတ်ကြီးက ဆက်လက်ပြောကြားသည်။ ထို့ပြင် ကူညီထောက်ပံ့ငွေများကို ဆူနာမီဒဏ်ခံရသော အာချေးပြည်နယ်ရှိ ပြည်သူလူထုအတွက် ရေဆိုးရေနုတ်စနစ် အထောက်အကူပစ္စည်းများနှင့် ရေသန့်ပေးရာတွင် အသုံးပြုမည်ဟု မျှော်လင့်ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖျော်ဖြေတင်ဆက်

တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဆမ်ယာမြို့တွင် တရုတ်ယဉ်ကျေးမှု အကအဖွဲ့တစ်ဖွဲ့ ဖျော်ဖြေတင်ဆက်နေသည်ကို မတ် ၂၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်၏စားနပ်ရိက္ခာနှင့် ရေနံဖလှယ်ရေး အစီအစဉ်ကို အမေရိကန်လက်ယာနိုင်ငံရေးသမားများ လက်နက်သဖွယ်အသုံးပြုဟုဆို

ရောမ မတ် ၂၆

အမေရိကန်လက်ယာနိုင်ငံရေးသမားများသည် အီရတ်၏စားနပ်ရိက္ခာနှင့် ရေနံဖလှယ်ရေးအစီအစဉ်ကို လက်နက်သဖွယ်အသုံးပြုပြီး ကုလသမဂ္ဂအား ဆန့်ကျင်ဝေဖန်တိုက်ခိုက်နေကြောင်း၊ အတွင်းရေးမှူးချုပ် ကိုဖီအာနန်အနေဖြင့် ထိုကိစ္စအတွက် ရာထူးမှ ဖယ်မပေးသင့်ကြောင်း ယခင်အတွင်းရေးမှူးချုပ်ဟောင်း ဘူထရို့စ်ဘူထရို့စ်ဂါလီက ပြောကြားလိုက်သည်။

ကုလသမဂ္ဂအကြီးအကဲအဖြစ် ၁၉၉၁ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ တာဝန်ယူခဲ့သော ဘူထရို့စ်ဂါလီသည် အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံအစီအစဉ်နှင့်စပ်လျဉ်း၍ ကမ္ဘာ့အဖွဲ့အစည်းအား ပြစ်တင်ရှုတ်ချခြင်းကို အရေးမစိုက်ဘဲ ရှိခဲ့သည်။

ရေးသား

အမေရိကန်လက်ယာနိုင်ငံရေးသမားများသည် ယင်းအစီအစဉ်ကို လက်နက်သဖွယ်ဆုပ်ကိုင်ပြီး ကုလသမဂ္ဂကို ဆန့်ကျင်ဝေဖန်တိုက်ခိုက်နေကြောင်း၊ ကြံရာကျပန်းဖန်းတီးမှုသာဖြစ်ကြောင်း၊ ဤကိစ္စသည်မှန်ကန်သည်ဟု မိမိအဖို့ ပြတ်ပြတ်သားသား မပြောနိုင်ကြောင်း ဘူထရို့စ်ဂါလီက ပြောကြားသည်ဟု အီတလီသတင်းစာ လာရီစာပတ်ဘလီကာက ကြာသပတေးနေ့၌ သတင်းရေးသားဖော်ပြခဲ့သည်။

အစားအစာနှင့် ရေနံဖလှယ်ရေးအစီအစဉ် ညွှန်ကြားရေးမှူးဟောင်း ဘီနွန်ဆီဗန်အား အီရတ်ရေနံ ဘဏ္ဍာရေးသတ်မှတ်ခွဲဝေချက်ကို ဘူထရို့စ်ဂါလီ၏ ညီအစ်ကိုဝမ်းကွဲတစ်ယောက်သို့ လမ်းကြောင်းဦးတည်ပေးခဲ့ကြောင်း စွပ်စွဲခဲ့သည်။

ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီငယ်တစ်ခုကို ပိုင်သော ဘူထရို့စ်ဂါလီ၏ ညီအစ်ကိုဝမ်းကွဲသည် ထိုကိစ္စမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅သန်းရရှိခဲ့သည်ဟု ဆိုသည်။

ယုံကြည်

ထိုအစားအစာအတွက် ရေနံမကောင်းသတင်းနှင့် ဆက်စပ်မှုရှိသည်ဆိုကာ အာနန်ရာထူးမှနုတ်ထွက်ရန် ရီပတ်ဘလစ်ကင်အမတ်အချို့က တောင်းဆိုခဲ့ကြသော်လည်း အိမ်ဖြူနှင့် နိုင်ငံခြားရေးရုံးက ကိုဖီအာနန်အပေါ်ယုံကြည်မှုရှိကြောင်း ပြောဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ရာမာဒီမြို့ လမ်းတစ်လမ်းပေါ်တွင် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ သွားလာလှုပ်ရှားနေသည်ကို မတ် ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ငြိမ်းချမ်းရေးအတွက် ထောက်ကူမည့် “မိမိနှလုံးသားဝယ်” ဆိုသောသီချင်း အစ္စရေးနှင့် ပါလက်စတိုင်း အဆိုကျော်များ သီဆိုဖျော်ဖြေကြမည်

ဂျေရုဆလင် မတ် ၂၆

အစ္စရေးနှင့် ပါလက်စတိုင်းအဆိုကျော်များသည် ရှင်မြူးနှစ်သက်ဖွယ်ကောင်းသော တေးသီချင်းတစ်ပုဒ်ကို နှစ်ဖက်အသံလွှင့်ရေဒီယိုများမှနေ၍ တနင်္ဂနွေနေ့တွင် သီဆိုဖျော်ဖြေကြမည်ဖြစ်ရာ ငြိမ်းချမ်းရေးထူထောင်မှုကို အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ထားသည်။

ထုတ်လွှင့်

ဘာသာစကားနှစ်မျိုးဖြင့်သီဆိုမည့် **“မိမိနှလုံးသားဝယ်”** ဆိုသော သီချင်းကို အစ္စရေးအဆိုကျော် ဒေးဗစ်ဘရိုဇာကလည်းကောင်း၊ ပါလက်စတိုင်းအဆိုကျော် ဝီဆမ်မူရက်ဒ်ကလည်းကောင်း သီဆိုကြမည်ဖြစ်ပြီး ပါလက်စတိုင်းရေဒီယိုနှင့် အစ္စရေးစစ်တပ် ရေဒီယိုတို့က တစ်ပြိုင်တည်းလွှင့်ပေးမည် ဖြစ်သည်။

ပြောကြား

အစ္စရေးရေဒီယိုကထုတ်လွှင့်သော အာရပ်သီချင်းတစ်ပုဒ်ကို အစ္စရေးတို့ ကြားရဖို့ခဲရင်းသည့်နည်းတူ ပါလက်စတိုင်းရေဒီယိုကလည်း ဟေဗြဲဘာသာစကားဖြင့် သီဆိုသည့်သီချင်းကို မည်သည့်အခါကမျှ ထုတ်လွှင့်ခဲ့ခြင်းမရှိကြောင်း၊ ယခုကဲ့သို့ ထုတ်လွှင့်ခြင်းသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေ ထိုင်ရေးအတွက် ကျော်လွှားအောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း ဘရိုဇာ၏ လူထုဆက်သွယ်ရေး အကြံပေးပုဂ္ဂိုလ် နီယာဂွန်တာ့ဇ်က ပြောကြားသည်။

အားတက်

၎င်းက ငြိမ်းချမ်းရေး မျှော်လင့်ချက်များသည် နှစ်ဖက်အဆိုကျော်များကို အားတက်စေခဲ့သည်ဟု ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် မတ် ၂၇

ကင်းလှည့်တပ်ဖွဲ့ကို အသေခံကားဗုံးဖောက်ခွဲသူ တစ်ဦးက စနေနေ့နံနက်ပိုင်းတွင် ကားဖြင့်အတင်းဝင် ဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

တိုက်ခိုက်မှုသည် ဘဂ္ဂဒက်အနောက်တောင်ဘက်တွင် စနေနေ့ နံနက် ၈နာရီခွဲ၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ လေဆိပ်နှင့်အဘူဂါရိပ် အကျဉ်းစခန်းသို့ သွားရာလမ်းတွင်ခွလျက်ရှိသော ဘဂ္ဂဒက်အနောက်ဘက်ဒေသများသည် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ အကြီးအကျယ် လှုပ်ရှားရာနေရာများ ဖြစ်သည်။ ထိုဒေသများအတွင်း၌ အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များ အများအပြား သေဆုံးမှု ရှိခဲ့သည်။

အမေရိကန်စစ်ဘက်က အီရတ်အနောက်ဘက် အန်ဘာပြည်နယ်တွင် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သောကြာနေ့က သေဆုံးခဲ့ကြောင်းလည်း စနေနေ့က ပြောကြားခဲ့သည်။

အန်ဘာပြည်နယ်အတွင်း၌ ဖလူးဂျာနှင့် ခုခံတိုက်ခိုက်ရေးသမားတို့ အခိုင်အမာပြုရာ ပြည်နယ်မြို့တော်ရာမာဒီတို့ တည်ရှိသည်။ ခုခံတိုက်ခိုက်ရေးသမားတို့သည် ဆီးရီးယားနယ်စပ်အနီးရှိ ကင်းစခန်းများနှင့် မရိန်းကင်းလှည့်တပ်ဖွဲ့များကိုလည်း တိုက်ခိုက်ခဲ့ကြကြောင်း သိရသည်။ **(အင်တာနက်)**

အမှာစကားပြောကြား

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးစီး ကော်မတီ လုပ်ငန်းပြန်လည် သုံးသပ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား အနှစ်သာရပြည့်ဝစွာ အောင်အောင်မြင်မြင်ကျင်းပနိုင် ရှေ့ဆက်လက်ကျင်းပမည့်အခမ်းအနားများအတွက် ပြည့်ဆည်းဆောင်ရွက်

ရန်ကုန် မတ် ၂၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းကော်မတီတို့မှ ကော်မတီဝင်များ၊ စစ်ရေးပြမှူးကြီး၊ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အနှစ်သာရပြည့်ဝ

ရှေးဦးစွာ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကား ပြောကြားရာတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကြီးအပါအဝင် အနှစ်သာရပြည့်ဝသော အခမ်းအနားများကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်မှာ ဦးစီးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းကော်မတီ အသီးသီးတို့က ကျရာကဏ္ဍမှ တက်ညီလက်ညီ စေတနာထား၍ ဆောင်ရွက်ခဲ့ကြမှု၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီမီးသတ်တပ်ဖွဲ့ဝင်များ၏ တိကျမှန်ကန် တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ဝန်ကြီးဌာနများ၊ ပြည်သူများနှင့် အလှူရှင်များ၏ လှိုက်လှဲစွာ ပါဝင်ဆောင်ရွက် လှူဒါန်းမှုတို့ကြောင့်ပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း။

ယခုညှိနှိုင်းအစည်းအဝေးတွင် ရှေ့ဆက်လက်ကျင်းပသွားမည့် တပ်မတော်နေ့ အခမ်းအနားများအတွက် ယခု ဆောင်ရွက်ချက်များအပေါ် အားနည်းချက်များ၊ အားသာချက်များကို ဝိုင်းဝန်းသုံးသပ် အဖြေရှာ ဖြည့်ဆည်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် စစ်ရေးပြလုပ်ငန်းအဖွဲ့၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်းခင်းကျင်းပြသရေးကော်မတီ၊ စာပေအနုပညာပြိုင်ပွဲကျင်းပရေးကော်မတီ၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၊ ကဗျာနှင့်အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်များအဆင့်နှင့် အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၊ ဦးတည်ချက်(၁၂)ရပ် ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီအပါအဝင် ကော်မတီနှင့် လုပ်ငန်းအဖွဲ့အသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ရေးပြမှူးကြီး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကော်မတီနှင့် လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်မှု အခြေအနေများကို သုံးသပ်ဆွေးနွေးတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက ပေါင်းစပ်ဆွေးနွေး တင်ပြကြသည်။

အမှာစကား

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဓနုတ်ဘုရားပွဲတော်

ရန်ကုန် မတ် ၂၈

ဓနုတ်ဘုရား ပွဲတော်ကို တန်ခူးလဆန်း ၁၁ ရက်မှ ၁၅ရက် (ဧပြီ ၁၉ ရက်မှ ၂၃ ရက်) အထိ ငါးရက်တိုင်တိုင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း စေတီတော်ဂေါပက အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ကွန်ပျူတာပညာရှင်အသင်းစာမေးပွဲများကျင်းပမည်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA)က IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် MCPA Professional Certification စာမေးပွဲများကို ကျင်းပမည်ဖြစ်သည်။ MCPA Professional Certification (Fundamental) စာမေးပွဲကို ဧပြီ ၃၀ရက်တွင်လည်းကောင်း၊ MCPA Professional Certification (Software Engineering နှင့် Network Engineering) စာမေးပွဲကို မေ ၇ ရက်တွင်လည်းကောင်း ရန်ကုန်နှင့်မန္တလေးမြို့တို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲတွင်စစ်ဆေးမည့်ဘာသာရပ်မှာ Japan-Myanmar Cross Certification IT Engineering Exam သင်ရိုးညွှန်းတမ်းအတိုင်းဖြစ်ပြီး ဝင်ရောက်ဖြေဆိုလိုသူများသည် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို ဧပြီ ၂၈ ရက်နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်သည်။ ယင်းစာမေးပွဲအောင်မြင်သူများသာလျှင် နိုင်ငံခြားပညာသင်ဆုကို လျှောက်ထားနိုင်မည်ဖြစ်ပြီး အသေးစိတ်သိလိုပါက လှိုင်မြို့နယ် MICT Park ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း ဖုန်း- ၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေစကြိုဆရာတော် ဝိဇာတပူဇော်ပွဲ

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကျန်စစ်သားလမ်းမကြီးရှိ တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက် တိပိဋက ဓမ္မဗိမာန်တော်ကြီး၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော်ကြီး၏ ရွှေရတုဝိဇာတ အထိမ်းအမှတ်ပူဇော်ပွဲနှင့် တိပိဋက စာမေးပွဲအောင် အရှင်သူမြတ်တို့အား ဧပြီ၂ရက် (စနေနေ့)တွင် ပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ အကြိုတရားပွဲများအဖြစ် မတ်၃၁ရက်တွင် အရှင်သြဘာသာဘိဝံသ ဒွိပိဋကကောဝိဒ အဂ္ဂမဟာကျော် ပါဠိပါရဂူကလည်းကောင်း၊ ဧပြီ၁ရက်တွင် အရှင်စက္ကပါလ ဓမ္မာစရိယ မလွန် ဓမ္မ ကထိက မန္တလေး ညောင်ရမ်းတိုက်သစ် ဆရာတော်ကလည်းကောင်း ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အသိစိတ်ဓာတ်အပြည့်အဝဖြင့် မီးငြိမ်းသတ်သူများအား ဂုဏ်ပြု

ရန်ကုန် မတ် ၂၈

Wyn & Sons Co., Ltd. ၏ Gold Roast Coffee Mix ထုတ်လုပ်သောစက်ရုံမှ ဝန်ထမ်း ၁၈ဦးသည် အသိစိတ်ဓာတ် အပြည့်ဖြင့် အားတက်သရော ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သောကြောင့် မီးဘေးအန္တရာယ်မှ ကင်းဝေးစေခဲ့သည့် ဖြစ်ရပ်အတွက် ဂုဏ်ပြုချီးမြှင့်ပွဲကို မတ် ၂၅ရက် ညနေပိုင်းက မြောက်ဥက္ကလာပ စက်မှုဇုန် ကျန်စစ်သားလမ်းရှိ ယင်းကုမ္ပဏီတွင် ကျင်းပရာ Myanmar Distribution Group Co., Ltd. ၏နာယက ဦးမြသိန်းနှင့် မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ဦးစီး) ဦးဇော်ဝင်းတို့က **(အပေါ်ပုံ)** အမှာစကားပြောကြားပြီး စက်ရုံဝန်ထမ်းများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ကြောင်း သိရသည်။

(က-ပ)

ထူးခြားသည့်နေ့အပူချိန်များ

၂၈-၃-၂၀၀၅

မော်ဘီ
မင်းဘူး
ဘားအံ

၄၀ ဒီဂရီစင်တီဂရိတ်
(၁၀၄ ဒီဂရီဖာရင်ဟိုက်)

✻ ကျောဖုံးမှ

ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်း

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိ

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။(သတင်းစဉ်)



အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

လှေကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ ဖွဲ့ အပါအဝင် အခြားအဖွဲ့များမှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု

ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီ အစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌အမျိုးသား

စာမျက်နှာ ၇ ကော်လံ ၁

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ

ပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်

တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမင်းသူက တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းအေးဟန်က တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးအောင်သိန်းထွန်းက တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးဇော်ဝင်းက အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက သဘာပတိအဖြစ် ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

ဖြည့်စွက်ဆွေးနွေး

ရှေးဦးစွာ သဘာပတိအမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့်အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)ဝိုင်း အသောကာရာမကျောင်း နှစ်ထပ်ဆွမ်းစားဆောင် ဆောက်လုပ်ရန်အတွက် ကျောက်မြောင်းကြီး ရပ်ကွက် အောင်မင်္ဂလာလမ်းနေ ဒေါ်ကြည်မြင့်က မိဘနှစ်ပါးနှင့် အစ်မကြီး ဒေါ်ခင်ကြွယ်အား ရည်စူး၍ အလှူငွေ ကျပ်ငါးသိန်းကို မတ် ၂၀ ရက်က ဆရာတော် ဦးဝါသဝါလင်္ကာရ (ဝိနယပိဋကတစ်ပုံဆောင်) ရှေ့မှောက်၌ ကျောင်းအကျိုးဆောင် နာယက ဦးလှိုင်ထံ လှူဒါန်းစဉ်။ (က-ပ)

ပြန်ကြားရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် မတ် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဗီယက်နမ်အသံလွှင့်ဌာန (Radio the Voice of Vietnam-VOV)တို့အကြား ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အသံလွှင့်ဌာနမှ Head of Section, Mr. Hoang Huu Khai ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ၂၀၀၅ ခုနှစ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော်ရဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၆ ရက်က ရန်ကုန်မြို့ တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း)နှင့် အသင်းသူအသင်းသားများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စာမျက်နှာ ၆ မှ

ညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကြည်တင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလော်ဆင်ကွမ်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးဘိုသိန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာသိန်းညွန့်(ညွန့်ဝေ-ကသာ)၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမြတ်မြတ်အုန်းခင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိပြီး ၁၀၇၁ ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၇ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်းကြေညာသည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

ထို့နောက် စုံညီအစည်းအဝေး အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းအေးဟန်နှင့် ဦးမင်းသူတို့က ဖတ်ကြားတင်ပြကြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက် စာတမ်းကို တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးအောင်သိန်းထွန်းက ဖတ်ကြားတင်ပြပြီး နေ့လယ်စာသုံးဆောင်ရန် စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးအောင်ကြည်နှင့် ဦးစိန်အေးတို့က ဖတ်ကြားတင်ပြကြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးဇော်ဝင်းက ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်း အဝေးကို မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မတ် ၂၉ ရက် နံနက် ၉ နာရီတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

ရန်ကုန်မြို့ ကြည့်မြင်တိုင် ပန်းလှိုင်လမ်း အမ္ဗာရာမဝိပဿနာကျောင်းတိုက်၌ အမ္ဗာရာမဆရာတော်ကြီးများဖြစ်ကြသော ဆရာတော်အရှင်ဦးတိက္ခိန္ဒြိယ၊ ဆရာတော် ဦးတိက္ခတို့၏ ညွှန်ပြတော်မူခဲ့သည့် နည်းအတိုင်း သတိပဋ္ဌာန်ဝိပဿနာ တရားတော်ကို ဧပြီ ၁၁ ရက်မှစ၍ သင်္ကြန်အခါတော်ရက်အတွင်း ခုနစ်ရက် တရားစခန်းဖွင့်၍ တရားအားထုတ်ကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဗီယက်နမ်အသံလွှင့်ဌာနမှ လေ့လာရေးအဖွဲ့ရောက်ရှိ

ရန်ကုန် မတ် ၂၈

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဗီယက်နမ်အသံလွှင့်ဌာန (Radio the Voice of Vietnam -VOV) တို့အကြား ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အသံလွှင့်ဌာနမှ Head of Section, Mr. Hoang Huu Khai ခေါင်းဆောင်၍ အဖွဲ့ဝင်သုံးဦးပါဝင်သည့် လေ့လာရေးအဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြသည်။

အလှူငွေများလှူဒါန်း

အဆိုပါ လေ့လာရေးအဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းကြသည်။

လှည့်လည်ပြသ

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ သွားရောက်လေ့လာကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူတို့က အသံလွှင့်၊ အသံဖမ်းလုပ်ငန်းနှင့်ရုပ်မြင်သံကြားရိုက်ကူးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ဌာနအတွင်း လှည့်လည်ပြသကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်သို့ သွားရောက် လေ့လာကြရာ ပြတိုက်တာဝန်ခံ ဒုတိယရဲမှူးကြီးငွေအောင်က ပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသသည်။ **(သတင်းစဉ်)**

ရွှေပြည်သာစက်မှုမြို့ အပိုင်း(၁၊၂၊၃)စက်မှုဇုန် အသင်းသားစုံညီနှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၂၈

ရွှေပြည်သာစက်မှုမြို့ အပိုင်း(၂၊၃၊၄)စက်မှုဇုန်အဖွဲ့ဝင်များ၏ ပထမအကြိမ် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၃ ရက် နံနက် ၁၀ နာရီက ရွှေပြည်သာစက်မှုမြို့ ကနောင်ခန်းမ၌ကျင်းပရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အင်းစိန်နှင့် ရွှေပြည်သာမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့်လုပ်ငန်းရှင်များ စုံညီစွာတက်ရောက်ကြပြီး အစည်းအဝေးသဘာပတိအဖြစ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးစီးအရာရှိ ဦးမျိုးဆွေက ဆောင်ရွက်သည်။

အခမ်းအနားတွင် သဘာပတိ ဗိုလ်မှူးကြီးအောင်ဝင်းနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းတို့က အမှာစကားပြောကြားပြီး နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားအတည်ပြုကာ ဒုတိယအကြိမ် စီမံခန့်ခွဲရေးကော်မတီကို ဥက္ကဋ္ဌ ဦးမင်းသန်းဌေးနှင့် အတွင်းရေးမှူး ဦးခိုင်မျိုးဝင်းကျော်တို့ပါဝင်သော ကော်မတီဝင် ၁၆ ဦးဖြင့် ရွေးချယ်ဖွဲ့စည်းကြသည်။

ဆက်လက်၍ စက်မှုမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် A.M.C ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်၅၂ သိန်း၊ မြန်မာ့အားမာန် မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံက ငွေကျပ်ငါးသိန်း၊ A.H.K Product Co., Ltd. က ငွေကျပ်တစ်သိန်း၊ Paris ဆပ်ပြာစက်ရုံက ငွေကျပ်တစ်သိန်း စုစုပေါင်း အလှူငွေကျပ် ၅၉ သိန်း ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစိန်အေးက အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)



အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးအောင်ကြည်က အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တိမ်

အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက်တပ်မတော်

သမိုင်းသင်ခန်းစာများအရ အနာဂတ်နိုင်ငံတော်တွင် ဒို့တာဝန် အရေးသုံးပါးကို ထိခိုက်ပျက်ပြားစေမည့် အခြေအနေမျိုးများ ထပ်မံမပေါ်ပေါက်လာစေရန်အတွက် ကြိုတင်ကာကွယ် ထိန်းညှိနိုင်ရန် တပ်မတော်က အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ထမ်းဆောင် နိုင်ရေးဆိုသည်ကို ထည့်သွင်းထားခြင်း ဖြစ်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပေသည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူတို့နှင့်အတူ တည်ဆောက်လျက်ရှိသည့်တပ်မတော်

တက္ကသိုလ် မြတ်သူ

ယနေ့အချိန်အခါတွင် နိုင်ငံတော်၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိသည်။

ယင်းသို့တည်ဆောက်ရာတွင် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ တစ်စည်းတည်းက တည်ဆောက်နေခြင်းမဟုတ်။ တိုင်းရင်းသား လူမျိုးတစ်ရာကျော်၊ အလုပ်သမား၊ တောင်သူလယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ အမျိုးသားနိုင်ငံရေး အင်အားစုများ၊ တပ်မတော်၊ တိုင်းရင်းသား ငြိမ်းချမ်းရေး အဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျေးလက်နှင့်မြို့ပြစသည့် ပြည်ထောင်စုတစ်ဝန်းလုံး ကိုယ်စားပြုသော မြန်မာနိုင်ငံသူ၊ နိုင်ငံသား ၅၄သန်းကျော်တို့ စုစည်းညီညွတ်စွာ လက်တွဲတည်ဆောက်နေကြခြင်း ဖြစ်သည်။

တစ်နည်းဆိုရလျှင် နိုင်ငံတော်တွင် တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းတို့ဖြစ်ထွန်း တည်ရှိနေမှုနှင့်အတူ တိုင်းရင်းသားပြည်သူတို့၏ လိုလားတောင့်တချက်နှင့်အညီ ဒီမိုကရေစီစနစ်ကို တပ်မတော်အစိုးရက စနစ်တကျ ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်သည်။

တိုင်းပြည်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးနေမှသာ အဆိုပါ စည်းကမ်းကောင်းမွန်သည့် လူ့ပတ်ဝန်းကျင်တွင် ဒီမိုကရေစီသည် တည်တံ့ထွန်းကားမည်ဖြစ်သည်။

ယခုအခါ တပ်မတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီးကို ပြည်သူတို့၏ ထောက်ခံအားပေးမှုဖြင့် ကျင်းပလျက်ရှိသည်မှာ အရှိန်အဟုန်ရရှိနေပြီဖြစ်သည်။

ကျင်းပဆဲအမျိုးသားညီလာခံတွင် အစုအဖွဲ့အသီးသီးတို့မှ ညီလာခံကိုယ်စားလှယ်များအနေဖြင့် စည်းကမ်းရှိရှိ၊ တာဝန်သိသိတက်ညီလက်ညီ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ရမည့်ကိစ္စများကို အရှိန်အဟုန် ကောင်းကောင်းဖြင့် ဆောင်ရွက်လာနိုင်ခဲ့ကြရာ ယခုဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် အခြေခံရမည့် အသေးစိတ်အခြေခံမှုများကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ကြပြီဖြစ်သည်။

ဆက်လက်၍အုပ်ချုပ်ရေးနှင့် တရား စီရင်ရေးကဏ္ဍတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးပြီး အကြံပြုချက်များ တင်ပြလျက်ရှိနေပေသည်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာတွင်-

"ကျွန်တော်တို့ တပ်မတော်ကတော့ သမိုင်းစဉ်တစ်လျှောက်မှာ တိုင်းရင်းသား ပြည်သူတွေရဲ့ အကျိုးစီးပွားကို ဘယ်တော့မှ မျက်ကွယ်ပြုမှာမဟုတ်သလို တိုင်းရင်းသား ပြည်သူတွေရဲ့ တရားတဲ့ ရည်ရွယ်ချက်တွေ၊ မျှော်မှန်းချက်တွေ၊ ဆန္ဒတွေ အောင်မြင်မှုရအောင် မျိုးချစ်စိတ်၊ ပြည်ထောင်စု စိတ်ဓာတ်ရှိပြီး ရိုးသားတဲ့ တိုင်းရင်းသား ပြည်သူတွေနဲ့ သေအတူရှင်မကွဲ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အပြည့်အဝ အောင်မြင်မှုရတဲ့အထိ ကြိုးစားသွားဖို့ အလေးအနက် သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါတယ်"

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။

ဟူ၍ ပြောကြားသွားသည်။

မှန်ပါသည်။ တပ်မတော်သည် သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို မည်သည့်အခါတွင်မျှ မျက်ကွယ်မပြုခဲ့ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ကျရောက်လာမည့်အန္တရာယ် အကျဉ်းအကျပ်နှင့်ကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ အကာအကွယ်ပေးခဲ့သည်ချည်း ဖြစ်သည်။

တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသား လွတ်မြောက်ရေးကြိုးပမ်းမှုဟူသော အမျိုးသားနိုင်ငံရေး တာဝန်များကို ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့သည့် အမျိုးသားရေး တပ်မတော်ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးကို ရယူပေးခြင်း၊ နိုင်ငံတော်၏နယ်မြေ တည်တံ့ရေးနှင့် အချုပ်အခြာအာဏာ ပိုင်စိုးရေးတို့ကို ထိပါးနှောင့်ယှက် ကျူးကျော်မှုမှန်သမျှကို တွန်းလှန်ချေမှုန်းပြီး ကာကွယ်စောင့်ရှောက်ခဲ့ခြင်း၊ နိုင်ငံတော်ပြိုကွဲမည့်အခြေအနေများကို အကြိမ်ကြိမ် ကာကွယ်စောင့်ရှောက်ခဲ့ခြင်း၊ တစ်မျိုးသားလုံး၏ ညီညွတ်ရေးကို ထာဝရယုံကြည်စွာ တည်ဆောက် ထိန်းသိမ်းခဲ့ခြင်း၊ ပြည်သူတို့၏ အသက်အိုးအိမ်နှင့် စည်းစိမ်ဥစ္စာကို ဆုံးရှုံးပျက်ပြားစေသော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းတည်ဆောက်ခဲ့ခြင်း၊ ပါတီဂိုဏ်းဂဏဝါဒနှင့် ပုဂ္ဂိုလ်ရေး သြဇာများ ကင်းရှင်းစွာ အမျိုးသားရေး၊ နိုင်ငံတော်၏အရေးကိုသာ ခံယူဆောင်ရွက်ခြင်းတို့ဖြင့် အမျိုးသားနိုင်ငံရေး အစဉ်အလာ ကြီးမားစွာရှိခဲ့ပြီးဖြစ်သည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သော အရေးအရာများတွင် တပ်မတော်သည် ပြည်သူတို့ရှေ့မှ ရပ်တည်ကာကွယ်ခဲ့သည်။ ၁၉၄၈-၄၉-၅၀ပြည့်နှစ်ကာလ တစ်ဝိုက်တွင် ဝါဒစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲကိုသာ အလေးထားလွန်းရာမှ အချင်းချင်း အာဏာလု၊ ဝါဒပြိုင်၊ ကိုယ်ကျိုးကြည့်လုပ်ရပ်များ ကြီးထွားပြီး လွတ်လပ်ရေးဆုံးရှုံးလုဖြစ်ရချိန်၊ စာနယ်ဇင်းများက ရန်ကုန်အစိုးရဟု ခေါ်ဝေါ်ခဲ့သည့် အချိန်၊ ပြည်တွင်းသောင်းကျန်းမှု အမြင့်မားဆုံးအချိန်တွင် တစ်ကြိမ်၊

၁၉၅၈-၅၉-၆၀ပြည့်နှစ်တွင် အာဏာရ ဖဆ...
အဖွဲ့ အစိတ်စိတ်အမြွှာမြွှာကွဲပြီး တစ်ဖ...
တစ်ဖက် လက်နက် ၊ လူသူစုဆောင်းကာ လက်...
ကိုင်တိုက်ခိုက်ပြီး သွေးချောင်းစီးတော့မည့် အချိန်...
တစ်ကြိမ်၊ ၁၉၆၁-၆၂ခုနှစ်တွင် ဖက်ဒရယ် လူ...
မှုဖြင့် ပြည်ထောင်စုကြီး ပြိုကွဲပြီး နယ်ချဲ့စစ်...
အောက်သို့ ကျရောက်တော့မည့်အခြေအနေ...
အာဏာရ နိုင်ငံရေးပါတီ ပထစ အစိုးရအနေ...
မထိန်းနိုင်၊ မသိမ်းနိုင်ဖြစ်ရသည့် အချိန်...
တစ်ကြိမ်၊ ၁၉၈၈ခုနှစ်တွင် လက်ဝဲလက်ယာ၊မြေ...
မြေအောက်၊ ပြည်တွင်းပြည်ပ ပယောဂများ...
ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမို...
ပျက်ပြားကာ မင်းမဲ့စရိုက်လွှမ်းခဲ့သည့် တို...
ပြည်ဖျက် အရေးအခင်းကာလ၌ တစ်...
လေးကြိမ်တိုင်တိုင် လွတ်လပ်ရေး ပြန်လည်ဆ...
မည့်အရေး၊ ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာ...
ပြိုကွဲမည့် အရေးတို့မှ တပ်မတော်က ပြည်သူ...
လက်တွဲပြီး ကာကွယ်စောင့်ရှောက်ခဲ့သည်ကို မြ...
သမိုင်းစဉ်တွင် အမှတ်ထင်ထင် ကမ္ပည်းတင်...
ပြီးဖြစ်သည်။

ဖြစ်ပေါ်ခဲ့သည့် မြန်မာ့သမိုင်းစဉ်... နိုင်ငံတော်နှင့်ပြည်သူတို့အပေါ် ကျရောက်လာ... အန္တရာယ်နှင့် ကြုံတွေ့ခဲ့လေတိုင်း သမိုင်းပေးတ... အရ အမျိုးသားရေးတာဝန်ကို ကျေပွ... ထမ်းဆောင်ခဲ့သည်မှာ အမျိုးသားတပ်မတော... ဖြစ်သည်။

တစ်နည်းဆိုရသော် မြန်မာ့လွတ်လပ်... ကြိုးပမ်းမှု အကြိုကာလမှစ၍ ၁၉၈၈ ... အရေးအခင်းကာလ အပါအဝင် မျက်မှော...

အမျိုးသားညီလာခံ စုံညီအစည်းအဝေး... ကိုယ်စားလှယ်များအား တွေ့ရစဉ်။

ကာလအထိ တပ်မတော်သည် အမျိုး... နိုင်ငံရေးတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအ... အသက်၊ သွေး၊ ချွေး အမြောက်အ... ရင်းနှီးပေးဆပ်ကာ တာဝန်ကျေကျေ၊ သစ္စ... ကြိုးပမ်းစွမ်းဆောင်ခဲ့၊ စွမ်းဆောင်ဆဲဖြစ်သည်...

ကြုံတွေ့ခဲ့ရသည့် သမိုင်းသင်ခန်းစာ... အရ တပ်မတော်သည် ပြည်ထောင်စု မပြိုကွဲ... တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲ... အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူ... ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်... အမျိုးသားရေး အင်အားစုကြီးအဖြစ် ကျစ်... ခိုင်မာစွာ ရပ်တည်လျက် ရှိနေသည်။

ဆိုရလျှင် တပ်မတော်သည် ပါတီနိုင်င... သံယောဇဉ်ကင်းသော အမျိုးသားနိုင်ငံရေး ... အစည်းဖြစ်သကဲ့သို့ ကျစ်လျစ်သိပ်သည်း ခို... သည့် ညီညွတ်ရေးအင်အားဖြင့် နိုင်ငံတော... တစ်မျိုးသားလုံး၏ လုံခြုံရေး၊ ကာကွယ်... တာဝန်ကိုလည်း ထမ်းဆောင်ပြီး နိုင်ငံတော... တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ကာ... စောင့်ရှောက် တည်ဆောက်ခဲ့သည်။ ကာ... တည်ဆောက်နေဆဲလည်းဖြစ်သည်။

အတိတ်သမိုင်း ဖြစ်ရပ် ဖြစ်စဉ်များ... အာဏာရအစိုးရများသည် နိုင်ငံတည်ဆောက်...

၂၈-၅၉-၆၀ပြည့်နှစ်တွင် အာဏာရ ဖဆပလ
. အစိတ်စိတ်အမြွှာမြွှာကွဲပြီး တစ်ဖက်နှင့်
ဖက် လက်နက် ၊ လူသူစုဆောင်းကာ လက်နက်
တိုက်ခိုက်ပြီး သွေးချောင်းစီးတော့မည့် အချိန်တွင်
ကြိမ်၊ ၁၉၆၁-၆၂ခုနှစ်တွင် ဖက်ဒရယ် လှုပ်ရှား
င့် ပြည်ထောင်စုကြီး ပြိုကွဲပြီး နယ်ချဲ့စစ်အုပ်စု
ဘက်သို့ ကျရောက်တော့မည့်အခြေအနေတွင်
ဏာရ နိုင်ငံရေးပါတီ ပထစ အစိုးရအနေဖြင့်
န်းနိုင်၊ မသိမ်းနိုင်ဖြစ်ရသည့် အချိန်တွင်
ကြိမ်၊ ၁၉၈၈ခုနှစ်တွင် လက်ဝဲလက်ယာ၊မြေပေါ်
အောက်၊ ပြည်တွင်းပြည်ပ ပယောဂများဖြင့်
ာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေး
ပြားကာ မင်းမဲ့စရိုက်လွှမ်းခဲ့သည့် တိုင်းဆူ
ပြုဖျက် အရေးအခင်းကာလ၌ တစ်ကြိမ်
းကြိမ်တိုင်တိုင် လွတ်လပ်ရေး ပြန်လည်ဆုံးရှုံး
အရေး၊ ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာ
မည့် အရေးတို့မှ တပ်မတော်က ပြည်သူတို့နှင့်
ပ်တွဲပြီး ကာကွယ်စောင့်ရှောက်ခဲ့သည်ကို မြန်မာ့
င်းစဉ်တွင် အမှတ်ထင်ထင် ကမ္ပည်းတင်ထား
ဖြစ်သည်။

ဖြစ်ပေါ်ခဲ့သည့် မြန်မာ့သမိုင်းစဉ်တွင်
းတော်နှင့်ပြည်သူတို့အပေါ်ကျရောက်လာသည့်
ရာယ်နှင့် ကြုံတွေ့ခဲ့လေတိုင်း သမိုင်းပေးတာဝန်
အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ
းဆောင်ခဲ့သည်မှာ အမျိုးသားတပ်မတော်ပင်
သည်။

တစ်နည်းဆိုရသော် မြန်မာ့လွတ်လပ်ရေး
ပမ်းမှု အကြိုကာလမှစ၍ ၁၉၈၈ ခုနှစ်
ရေးအခင်းကာလ အပါအဝင် မျက်မှောက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံ
ယ်စားလှယ်များအား တွေ့ရစဉ်။

လအထိ တပ်မတော်သည် အမျိုးသား
ရေးတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက်
ာက်၊ သွေး၊ ချွေး အမြောက်အမြား
နှီးပေးဆပ်ကာ တာဝန်ကျေကျေ၊ သစ္စာရှိရှိ
ပမ်းစွမ်းဆောင်ခဲ့၊ စွမ်းဆောင်ဆဲဖြစ်သည်။

ကြုံတွေ့ခဲ့ရသည့် သမိုင်းသင်ခန်းစာများ
တပ်မတော်သည် ပြည်ထောင်စု မပြိုကွဲရေး၊
းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
ချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့်
ာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ
ျိုးသားရေး အင်အားစုကြီးအဖြစ် ကျစ်လျစ်
ာစွာ ရပ်တည်လျက် ရှိနေသည်။

ဆိုရလျှင် တပ်မတော်သည် ပါတီနိုင်ငံရေး
ယာဇဉ်ကင်းသော အမျိုးသားနိုင်ငံရေး အဖွဲ့
ည်းဖြစ်သကဲ့သို့ ကျစ်လျစ်သိပ်သည်း ခိုင်မာ
ဲ့ ညီညွတ်ရေးအင်အားဖြင့် နိုင်ငံတော်နှင့်
မျိုးသားလုံး၏ လုံခြုံရေး၊ ကာကွယ်ရေး
ဝန်ကိုလည်း ထမ်းဆောင်ပြီး နိုင်ငံတော်နှင့်
မျိုးသားလုံး၏ အကျိုးစီးပွားကို ကာကွယ်
င့်ရှောက် တည်ဆောက်ခဲ့သည်။ ကာကွယ်
ည်ဆောက်နေဆဲလည်းဖြစ်သည်။

အတိတ်သမိုင်း ဖြစ်ရပ် ဖြစ်စဉ်များအရ
ဏာရအစိုးရများသည် နိုင်ငံတည်ဆောက်ရေး
ကိုလည်း အောင်မြင်စွာ မတည်ဆောက်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာ အာဏာ ဆုံးရှုံးရမည့် အခြေအနေများကြောင့် တပ်မတော်က အကြိမ်ကြိမ်အခါခါ ပါဝင်ဖြေရှင်းရခြင်း၊ ကာကွယ်ရခြင်းတို့သည် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းပင်ဖြစ်သည်။

ညီလာခံကျင်းပ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

ယနေ့ကာလတွင်လည်း တပ်မတော်သည် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မျက်နှာစာများတွင် ဦးတည်ချက်(၁၂)ရပ် ချမှတ်၍ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများကို တိုင်းရင်းသား ပြည်သူတို့နှင့်အတူ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်။

ယနေ့ ကာလမှသည် အတိတ်သမိုင်းကို ပြန်လည်ငဲ့စောင်းကြည့်ပါက အာဏာရ အစိုးရများနှင့် နိုင်ငံရေးပါတီတိုင်း နိုင်ငံကို မထိန်းသိမ်း၊ မကာကွယ်နိုင်တော့သဖြင့် တပ်မတော်ကသာ ဝင်ရောက် ထိန်းသိမ်းကာကွယ်ခဲ့ရသည်။ ထို့ကြောင့်လည်း အတိတ်သမိုင်း သင်ခန်းစာများအရ အနာဂတ် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်ပါဝင် ထမ်းဆောင်ရေးသည် ပဓာနကျသော အချက်ပင် ဖြစ်ပေသည်။

အမျိုးသားနိုင်ငံရေးလမ်းကြောင်းကို ယိမ်းယိုင်မှု မရှိစေရန်နှင့် အမျိုးသားရေး အကျိုးစီးပွားကို မထိပါးစေရန် မျက်ခြည်မပြတ် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းပေးနိုင်သောအမျိုးသား နိုင်ငံရေး အင်အားစုကြီးဖြစ်သည့် တပ်မတော်သည်သာ အနာဂတ် နိုင်ငံတော်၏ ကံကြမ္မာကို ဖန်တီးပုံဖော် ပေးနိုင်မည်ဖြစ်ပေသည်။

ခြုံငုံ၍ တင်ပြရလျှင် မြန်မာ့သမိုင်းနှင့် **တပ်မတော်သမိုင်းသည် ခွဲခြား၍ မရအောင် ဆက်စပ်လျက်ရှိသည်။ မြန်မာ့သမိုင်းသည် တပ်မတော်သမိုင်း၊ တပ်မတော်သမိုင်းသည် မြန်မာ့သမိုင်းဟူ၍ ဆိုရလောက်အောင် တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်လာခဲ့သည်။ တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးအတွက် လိုအပ်ချက်အရ တိုင်းရင်းသားပြည်သူများထဲက ပေါက်ဖွားလာသော တပ်မတော်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် စစ်ရေး ရည်ရွယ်ချက် တစ်ခုတည်းအတွက် အခွင့်အရေး ကောင်းကောင်းပေးကာ ကြေးစားဆန်ဆန် ဖွဲ့စည်းထားသော တပ်မတော်များတွင် မြန်မာ့တပ်မတော် မပါဝင်ပေ။** တပ်မတော်သည် ပြည်သူတို့နှင့်အတူ လွတ်လပ်ရေးကို ရယူပေးခဲ့သည်။ လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးအောင် ထိန်းသိမ်းကာကွယ် လျက်ရှိသည်။ တိုင်းပြည်နှင့်လူမျိုးအပေါ်အန္တရာယ်ကျရောက်မည့် အကျပ်အတည်းများနှင့်ကြုံတိုင်း တပ်မတော်က ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးခဲ့သည်။ ခေတ်အဆက်ဆက်တွင် တိုင်းပြည်၌ အခက်အခဲများနှင့်ကြုံရတိုင်း ထိုစဉ်ကအုပ်ချုပ်ခဲ့ကြသည့် နိုင်ငံရေးပါတီ အစိုးရများသည် နိုင်ငံတော်ကို ထိထိရောက်ရောက် ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်း မရှိခဲ့ကြပေ။ ယင်းသို့သော အချိန်ကာလတိုင်း တပ်မတော်က နိုင်ငံတော်၏ တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကာ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှနေ၍ တိုင်းပြည်ကို လမ်းကြောင်း မှန်ပေါ်သို့ ရောက်ရှိအောင် တည့်မတ်ထမ်းတင် ပေးခဲ့ရသည်။ အဆိုပါ **သမိုင်းသင်ခန်းစာများအရ အနာဂတ်နိုင်ငံတော်တွင် ဒို့တာဝန် အရေးသုံးပါးကို ထိခိုက်ပျက်ပြားစေမည့် အခြေအနေမျိုးများထပ်မံ မပေါ်ပေါက်လာစေရန်အတွက် ကြိုတင်ကာကွယ် ထိန်းညှိနိုင်ရန် တပ်မတော်က အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသည်ကို ထည့်သွင်းထားခြင်း ဖြစ်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပေသည်။**

သို့ဖြစ်ရာ အမျိုးသားနိုင်ငံရေး အင်အားစုကြီးဖြစ်သည့် တပ်မတော်သည် အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် အမျိုးသား နိုင်ငံရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန် အစဉ်ခိုင်မာစွာ ရပ်တည်နေမည်ဖြစ်သကဲ့သို့ အတိတ်သမိုင်းဖြစ်ရပ် ဖြစ်စဉ်များအရ၊ ပစ္စုပ္ပန်ကာလဖြစ်ပေါ် တိုးတက်မှုများအရ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေး ဦးတည်ဆောင်ရွက်လျက်ရှိသည့် ယနေ့ကာလတွင်လည်း တပ်မတော်သည် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲပါဝင်ရင်း အနာဂတ်အမျိုးသားရေး တာဝန် ကို ကျေပွန်စွာ ဆက်လက် ဆောင်ရွက်သွားမည်မှာ ထာဝရ သစ္စာတရားပင် ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

> ခေတ်အဆက်ဆက်တွင် တိုင်းပြည်၌ အခက်အခဲများနှင့်ကြုံရတိုင်း ထိုစဉ်ကအုပ်ချုပ်ခဲ့ကြသည့် နိုင်ငံရေးပါတီ အစိုးရများသည် နိုင်ငံတော်ကို ထိထိရောက်ရောက် ထိန်းသိမ်းစောင့်ရှောက် နိုင်စွမ်း မရှိခဲ့ကြပေ။ ယင်းသို့သော အချိန်ကာလတိုင်း တပ်မတော်က နိုင်ငံတော်၏ တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကာ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှနေ၍ တိုင်းပြည်ကို လမ်းကြောင်း မှန်ပေါ်သို့ ရောက်ရှိအောင် တည့်မတ်ထမ်းတင် ပေးခဲ့ရသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်စာအုပ်တွင် လက်မှတ်ရေးထိုးကြစဉ်။

မတ် ၂၇ ရက်က နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲတွင် အထူးဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို အထက(၂) ဒဂုံမြို့မ ဖခင်ကြီး ဦးဘလွင်ခန်းမ၌ ကျင်းပရာ စစ်ရေးတေးပြိုင်ပွဲ (အဆင့်-၂) တွင် အထူးဆုရရှိသူ မအေးမြတ်သူ ကလောင်အမည် ယုကီအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဆုချီးမြှင့်စဉ်။ (သတင်း-၁၂) (မြန်မာ့အလင်း)

အရှင်အာစာရာလင်္ကာရ ဓမ္မသဘင်

ရန်ကုန် မတ် ၂၈

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ သာသနာပြုဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဧပြီ၁ရက် ညနေ၆နာရီ ဆည်းဆာတွင် ရန်ကုန်ထန်းတပင် သံပုရာကုန်းရွာရှင်ပြုပွဲ၊ ည၈နာရီတွင် ကမာရွတ်မြို့နယ် (၅) ရပ်ကွက် အောင်သုခလမ်းထိပ် ဆရာစံလမ်းမကြီး ဓမ္မသဘင်၊ ၂ရက်တွင် မင်္ဂလာဒုံဓမ္မသဘင်၊ ၃ရက်နှင့်၄ရက်တွင် ပုသိမ်မြို့ ငပုတောမြို့နယ် သင်္ကန်းကုန်းရွာ၊ ၅ရက်နှင့်၆ရက်တွင် ပုသိမ်မြို့ ဝဝန်ကျွန်းသာ ၁၁လမ်းနေ ဦးမြင့်သိန်း-ဒေါ်ခင်စန်းနွယ်မိသားစုတို့၏ အရှင်အာစာရာလင်္ကာရအား အကြိမ်(၄၀)မြောက် သိက္ခာထပ်ရဟန်းခံ၊ သီလရှင်ဝတ်ဓမ္မသဘင်၊ ၇၊၈၊၉ရက်များတွင် သာကေတ၃/ရန်ပြေ မာဃဓမ္မာရုံ၊ ၁၀၊၁၁ရက်တို့တွင် ဒေးဒရဲ ကျုံနူးရွာ (၄၁)ကြိမ် သိက္ခာထပ်ပွဲဓမ္မသဘင်၊ ၁၂ရက်တွင် သုံးခွမြို့ လောကမာရဇိန်ဘုရား၊ ၁၃ရက်တွင် အင်းစိန် ဖော့ကန် ခနသိဒ္ဓိလမ်း၊ ၁၄ရက်တွင် တောင်ဒဂုံမြို့သစ် ၂၁ ရပ်ကွက် ဓမ္မာရုံ၊ ၁၅ရက်တွင် မြောက်ဒဂုံမြို့သစ် အေးမြချမ်းသာရိပ်သာ၊ ၁၆ရက်တွင် အင်းစိန် ဖော့ကန် ခနသိဒ္ဓိလမ်း၊ ၁၇ရက်တွင် ဖော့ကန် အေးမေတ္တာလမ်း၊ ၁၉ရက်တွင် အလုံ ကွင်းကျောင်းစာသင်တိုက်၊ ၂၀ရက်တွင် အင်းစိန်ရွာမ မင်းစေတီလမ်း ဘုရားပွဲ၊ ၂၁၊၂၂၊၂၃ရက်တို့တွင် ပုသိမ် ငွေဆောင်ကမ်းခြေ၊ ၂၄ရက်တွင် သမိုင်း အောင်သိဒ္ဓိပါဠိကျောင်းတိုက် ဘုရားပွဲ၊ ၂၅ရက်တွင် မင်္ဂလာဒုံ စမ်းကြီးမ ဇေယျာသီရိကျောင်း၊ ၂၆ရက်တွင် သဃ်န်းကျွန်း ရှင်ဥပဂုတ္တပွဲ၊ ၂၇ရက်တွင် ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဘွဲ့ခံသံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်

ရန်ကုန် မတ် ၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅)၊ (၂/၂၀၀၅) တို့ဖြင့် ဇန်နဝါရီ ၄ ရက်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းခြင်းခံရသော မဟာစည်သာသနာ့ရိပ်သာများမှ သံဃာတော် အရှင်သူမြတ် ၁၅ ပါးနှင့် သာသနာ့ဒါယကာဒါယိကာမ လေးဦးတို့အား ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့နှင့် အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့တို့က စုပေါင်း၍ ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကို မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ ကျင်းပသည်။

ရှစ်ပါးသီလခံယူ

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရ သရက်အောင် မင်္ဂလာ ဆရာတော်ထံမှ ရှစ်ပါးသီလခံယူကြသည်။

ဆက်လက်၍ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရရှိသော မဟာစည်ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသအား လည်းကောင်း၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် ခုနစ်ပါးအားလည်းကောင်း၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်တစ်ပါးနှင့် မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရဆရာတော် တစ်ပါး စုစုပေါင်း ၁၅ ပါးတို့အား ဂုဏဝိသိဋ္ဌပူဇာထောမနာ ချီးကျူးဂါထာများဖြင့် ဖတ်ကြားပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အဖွဲ့သုံးဖွဲ့မှ စုပေါင်း၍ ဂုဏ်ပြု လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းပြီး ဂုဏ်ပြုပူဇော်လှူဒါန်းမှု ကုသိုလ်အစုစုတို့အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်အောင်မင်္ဂလာ ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြပြီး ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

မကွေးတိုင်း ပွင့်ဖြူမြို့နယ် ကုန်းဓောင်းရွာ ဦးလေးမြင့်-ဒေါ်ညိုညို မိသားစုတို့၏ ရဟန်းခံ၊ ရှင်ပြု၊ နားသအလှူမင်္ဂလာပွဲအဖြစ် ကျင်းပသော မတ်၂၇ရက်မှ ၃၁ရက်အထိ ငါးရက်တရားစခန်းပွဲတွင်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ မိုးကုတ်ရိပ်သာ(၂၅)တွင် ကျင်းပသော ဧပြီ၈ရက်မှ၁၇ရက်အထိ(သင်္ကြန်အထူး)၁၀ရက် တရားစခန်းပွဲတွင်လည်းကောင်း ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ချုပ်ကြီး၏ အသိအမှတ်ပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တကေသဝ(ပျော်ဘွယ်)အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး မြတ်တရားများ ဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မတ် ၂၇ ရက်က နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်က ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆုရရွှေ အင်း သားခင်မောင်ဝင်းအားဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ကျိုက်ဒေးအပ်စေတီတော် ဝိပဿနာတရားပွဲ

ရန်ကုန် မတ် ၂၈

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇဦးသန်းရွှေ(ဒလအံ့ကြီး)က ဧပြီ၁ရက်မှ ၇ရက်အထိ ည နေ၆နာရီခွဲမှ ၈နာရီအထိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတော်ကြီးတွင် ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက်ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆိုလာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၃-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅။ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၁၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၅ ၉။ လမူးတံတား
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၀၀ ၅။ ခံစားနားဆင် တေးဓာတ်ဝင်
- ၁၇:၁၅ ၆။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၁၀ ၇။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း" (အပိုင်း-၈၀)
- ၁၈:၃၀ ၈။ ညနေခင်းသတင်း
- ၁၉:၀၀ ၉။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၀။ ဆဋ္ဌမအကြိမ်မြောက် နိုင်ငံတကာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာပြပွဲ(၂၀၀၅)
- ၁၉:၁၅ ၁၁။ လိုင်စင်မဲ့မော်တော်ယာဉ် လက်ဝယ်ပိုင်ဆိုင်ထားသူများ သတိပြုဖွယ်
- ၁၉:၃၀ ၁၂။ ဘိုင်းဒါးဟင်းသီးဟင်းရွက်စိုက်ပျိုးရေးအထူးဇုန်
- ၁၉:၄၅ ၁၃။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမန်ဆောင်း၏ ချစ်သံစဉ်" (အပိုင်း-၄)

ဂုဏာပူဇာသဘင် ကျင်းပမည်

ရန်ကုန် မတ် ၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅)ဖြင့် ဇန်နဝါရီ ၄ရက်တွင် မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ၏ ပဓာန နာယကသာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တ နန္ဒသိရီ(ပြင်သစ်ဆရာတော်) အရှင်သူမြတ်အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ဧပြီ၃ရက် (တနင်္ဂနွေနေ့) ညနေ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း၃လမ်းမှတ်တိုင်အနီးရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ပူဇော်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်တက္ကသိုလ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၈

မော်လမြိုင်တက္ကသိုလ်ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မကြာမီကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲကျင်းပနိုင်ရန် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်၌ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့် ဖုန်း-၂၂၅၀၇၆နှင့် ၂၁၂၁၈၅ တို့သို့ ဆက်သွယ်ကြရန်နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ရေပိုက်များနှင့် ကန်များမှ ရေကာစားလိုသူများ မြို့တော်စည်ပင်ခွင့်ပြုမိန့်လျှောက်ထားရမည်

ရန်ကုန် မတ် ၂၈

၁၃၆၆ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်များနှင့် အင်းလျားကန်၊ ကန်တော်ကြီးကန်တို့မှရေဖြင့် ရေကစားလိုသူများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သို့ ဧပြီ ၁၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ခွင့်ပြုမိန့်လျှောက်ထားရမည်ဖြစ်သည်။

လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြို့နယ်(ရေနှင့်သန့်ရှင်းမှု) တာဝန်ခံတို့၏ မှတ်ချက်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ မဏ္ဍပ်ဆောက်လုပ်ခွင့်တို့ကို ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပြီး ခွင့်ပြုမိန့်မရရှိဘဲ ရေဆက်သွယ်ကစားပါက အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း မှော်ဘီမြို့ မြို့မရပ်ကွက် ထန်းတစ်ပင်လမ်း ဇဗ္ဗူထိပ် မဟာအတုလ ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိသာရဒ (သာသနဓဇဓမ္မာစရိယ)က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်တရားများဟောကြားပြီးတရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိဖွင့်လှစ်မည်ဖြစ်သည်။

တရားအားထုတ်လိုသူ ယောဂီများ ဖုန်း-၆၂၀၅၁၈သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

MRCP အပိုင်း(၁)၊ MRCPCH အပိုင်း(၁)နှင့် MRCOG အပိုင်း(၁) စာမေးပွဲများအတွက် အရည်အချင်းစစ်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာများခေါ်ယူ

ရန်ကုန် မတ် ၂၈

၂၀၀၅ခုနှစ် စက်တင်ဘာလအတွင်း စစ်ဆေးမည့် MRCP အပိုင်း(၁)၊ MRCPCH အပိုင်း(၁)နှင့် MRCOG အပိုင်း(၁)စာမေးပွဲများအတွက် အရည်အချင်းစစ်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာများကို ဆေးသိပ္ပံပညာဦးစီးဌာနက ခေါ်ယူထားသည်။

လျှောက်လွှာများကို ဧပြီ၂၈ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ပြီး အရည်အချင်းစစ် စာမေးပွဲကို မေ ၁၁ရက်နှင့် ၁၂ ရက်တို့တွင် ဆေးတက္ကသိုလ်(၁)ရန်ကုန် လမ်းမတော်၌ စစ်ဆေးမည်ဖြစ်ကြောင်းနှင့် ဖုန်း-၀၁-၂၄၂၈၅၅၊ ၂၄၁၇၈၃ လိုင်းခွဲ ၁၃၅၊ ၁၃၆၊ ၁၅၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မတ်၂၅ ရက်က ပေါလ်မောလ်မြန်မာပီတီအီးလီမိတက်မှ ဝန်ထမ်းများစုပေါင်း၍ ကျပ် ၆၃၆၉၃၀တန်ဖိုးရှိ ပစ္စည်းများနှင့် ဆေးပဒေသာပင်ကို ရန်ကုန်မြို့စိတ်ကျန်းမာရေးဆေးရုံကြီးသို့လှူဒါန်းရာ ကုမ္ပဏီ ဒုတိယတွဲဖက်မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးသိန်းအောင်(ငြိမ်း)က ဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး Ruby Winery စပျစ်ဝိုင်စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု သကြားစက်ရုံဖွင့်လှစ် တစ်ရက်ကြံစိမ်းတန် ၂၀၀ကြိတ်နိုင်ပြီး သကြား၁၀တန်ထုတ်နိုင်

ရန်ကုန် မတ် ၂၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) ပတ္တမြားနဂါးကုမ္ပဏီက ဖွင့်လှစ်သော ပတ္တမြားပေါင်းကြီးသကြားစက်ရုံဖွင့်ပွဲကို မတ် ၂၆ရက် နံနက် ၉နာရီတွင် ညောင်ရွှေမြို့နယ် တောင်ခြေကျေးရွာရှိ အဆိုပါစက်ရုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ခမ်းထီ၊ ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပတ္တမြားနဂါးကုမ္ပဏီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ကြီး ဦးအောင်သောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆) ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းတို့က ပတ္တမြားပေါင်းကြီးသကြားစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အထူးဒေသ(၆) ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ခမ်းထီတို့က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တာဝန်ရှိသူများအား ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဧည့်သည်တော်များသည် စက်ရုံအတွင်းလှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ အဆိုပါသကြားစက်ရုံသည် တစ်ရက်လျှင် ကြံစိမ်းတန် ၂၀၀ ကြိတ်ခွဲနိုင်ပြီး တစ်နေ့လျှင် သကြား ၁၀ တန် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် ရွှေလဖုံးကျေးရွာ၌ ပတ္တမြားနဂါးကုမ္ပဏီက ဖွင့်လှစ်သော Ruby Wineryစပျစ်ဝိုင်စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ Ruby Winery စပျစ်ဝိုင်စက်ရုံကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ကြီး ဦးအောင်သောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆) ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စပျစ်ဝိုင်စက်ရုံဆိုင်းဘုတ်ကို ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဦးနေဝင်းထွန်းက ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တာဝန်ရှိသူများအား ဖွင့်ပွဲအထိမ်းအမှတ် အလံများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဧည့်သည်တော်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။ အဆိုပါစက်ရုံသည် တစ်နှစ်လျှင် နိုင်ငံခြားစံချိန်မီ စပျစ်ဝိုင်ပုလင်း ငါးသိန်းထုတ်လုပ်နိုင်ပြီး စပျစ်သီးကုန်ကြမ်းအတွက် စပျစ်ပင် နှစ်သိန်းကျော်စိုက်ပျိုးရန်လိုအပ်ရာ ၂၀၀၄ ခုနှစ်တွင် စပျစ်ပင် ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ၂၀၀၅ ခုနှစ်အတွင်း အပင်အရေအတွက် ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စပျစ်ဝိုင်စက်ရုံကြောင့် နိုင်ငံခြားငွေ တစ်ဖက်တစ်လမ်းမှ ရရှိနိုင်မည်ဖြစ်ပြီး ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင်ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပတ္တမြားနဂါးကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော မြန်မာအင်းလေးစားသောက်ကုန်လုပ်ငန်းကုမ္ပဏီလီမိတက်၏ ခရမ်းချဉ်သီးထွက် စားသောက်ကုန်ပစ္စည်း စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူများက စက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက စက်ရုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ စက်ရုံအတွင်းလှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါစက်ရုံသည် တစ်ရက်လျှင် ခရမ်းချဉ်သီးကုန်ကြမ်း ငါးတန်အသုံးပြုနိုင်ပြီး ကုန်ချောအဖြစ် ခရမ်းချဉ်သီးအနှစ် ဝဒသမ ၇တန်၊ အရည်တစ်တန်ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြသိန်းတန် ဗုဒ္ဓရုပ်ပွားတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၂၈

စမ်းချောင်းမြို့နယ်တွင် ကိန်းဝပ်စံပျော်သီတင်းသုံးတော်မူသော ပြည်တော်ပြန် တန်ခိုးရှင်မြသိန်းတန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ (၃၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာတို့ဖြင့် နှစ်စဉ်ကျင်းပ လျက်ရှိရာ ဓမ္မပူဇာတရားပွဲများကို ညနေ ၆နာရီမှစ၍ ဓမ္မကထိက ဆရာတော်ကြီးများက ဟောကြားတော်မူမည်ဖြစ်ရာ ၂၉ရက်တွင် ဆရာတော် အရှင်စရိယ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) အောင်မင်္ဂလာကျားကျောင်း ဗားကရာတိုက်က လည်းကောင်း၊ ၃၀ရက်တွင် ဆရာတော် အရှင်သီရိန္ဒာဘိဝံသ(ယောဆရာတော်) မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ဗဟန်းမြို့နယ်က လည်းကောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ ဧပြီ ၁ရက်တွင် ဆွမ်းတော်ကြီးပွဲကို ပို့ဆောင်ဆက်ကပ်ကြပြီး ကုသိုလ်ရှင်များအား ဧပြီ ၃ရက် နံနက်ပိုင်းတွင် သံဃာတော်အပါး ၃၀တို့အား ဆွမ်းဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ ကြမည်ဖြစ်ရာ အလှူရှင်များလာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(၁၂၉)

မန္တလေးနားမကြားကလေးများကျောင်းသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၈

လူမှုဝန်ထမ်းဦးစီးဌာန မန္တလေးနားမကြားသော ကလေးများကျောင်းသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၄ရက် နံနက်၁၀နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည် မြို့နယ်ရှိ နားမကြားသောကလေးများ ကျောင်းခန်းမ၌ကျင်းပရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် Kyoshin Co., Ltd ဥက္ကဋ္ဌ Mr. Sadaaki Tachiki က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မန္တလေးနားမကြားသောကလေးများကျောင်း အသက်မွေးဝမ်းကျောင်း သင်တန်းသုံးပစ္စည်းများအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၁၁၄၅၀ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ထား

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

သန်လျင် သိမ်ကျောင်းစာသင်တိုက် သင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက်ရှိ သိမ်ကျောင်းစာသင်တိုက်၌ (၅)ကြိမ်မြောက် သင်္ကြန်ခုနစ်ရက် တရားစခန်းကို ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ ဦးဆောင်၍ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော်ဦးဝိမလ(ငဖဲ) အရှင်သူမြတ်နှင့် ပဋိစ္စသမုပ္ပာဒ်သင်တန်း နည်းပြဆရာကြီး ဦးကျော်နိုင်(မန္တလေး) တို့က ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဟောကြားပြသမည်ဖြစ်သည်။

ယောဂီများအနေဖြင့် ဧပြီ၁၀ ရက် ညနေအရောက်လာကြရန်နှင့် အလှူရှင်များသည် သိမ်ကျောင်းစာသင်တိုက် ဖုန်း-၀၅၆-၂၁၁၇၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မဟာစည် ၁၀ ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ ဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော် ဦးသိရီဓမ္မ(B.A) ပါဠိဂုဏ်ထူး(အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာ)နှင့် ပြည့်စုံအေးမဟာစည်သာသနာ့ရိပ်သာ နာယကဆရာတော် ဦးသုဇာတတို့က ဧပြီ ၇ရက်မှ ၁၇ ရက်အထိ ၁၀ရက်တရားစခန်းများကို ကမ္မဋ္ဌာနာစရိယအဖြစ် ဟောဖော်ညွှန်ကြားပြသမည်ဖြစ်သည်။

တရားစခန်းတွင်း ယောဂီကန့်သတ်လက်ခံမည်ဖြစ်၍ ဧပြီ ၅ရက်နောက်ဆုံးထား၍ ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကရုံးသို့ စာရင်းပေးသွင်းနိုင်ပြီး ဒုလ္လဘရဟန်းကံစမ်းမဲဝတ်လိုသူများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဖျော်ရည်များကို လှူဒါန်းလိုသူများ ဂေါပကရုံး ဖုန်း-၅၆၅၄၅၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

သင်္ကြန်တွင်းတရားစခန်း

ရန်ကုန် မတ် ၂၈

သနပ်ပင်မြို့ လေသာကျောင်း အောင်ဓမ္မရိပ်သာတွင် (၄၈)ကြိမ်မြောက် သင်္ကြန်တွင်းတရားစခန်းကို ကာသစ်ဝိုင် အောင်မင်္ဂလာ လေသာ ဆရာတော်များ၏ ဥပနိဿယအတိုင်း ပဲခူးမြို့ အာသောကရုံဆရာတော်နှင့် သျှင်ပညာဓမ္မတို့က ဧပြီ ၉ရက်မှ ၁၆ ရက်အထိ ဟောကြားချီးမြှင့်မည်ဖြစ်ပြီး သက်ကြီးပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲတွင် အထူးဆုရရှိသူများအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ဆုများချီးမြှင့်

ရန်ကုန် မတ် ၂၈

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲတွင် အထူးဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြို့မဖခင်ကြီး ဦးဘလွင်ခန်းမ၌ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်ပြီး အထူးဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်သည်။(အောက်ပုံ)

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် တပ်မတော် အရာရှိကြီးများ၊ နှစ်(၆၀) ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်နှင့် ကော်မတီဝင်များ၊ တိုင်းစစ် ဌာနချုပ်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်းမှ အထူးဆုရရှိသူ၁၁၃ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

ရှေးဦးစွာ အစီအစဉ်အရ နှစ်(၆၀) ပြည့်တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲတွင် ဝတ္ထုရှည်ပြိုင်ပွဲ၌ အထူးဆုရရှိသူ ခုနစ်ဦးအားလည်းကောင်း၊ ဝတ္ထုတိုပြိုင်ပွဲ၌ အထူးဆုရရှိသူ လေးဦးအားလည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲ၌ အထူးဆုရရှိသူ လေးဦးအားလည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲ(လူသစ်တန်း)ခေတ်မီဘက်စုံတည်ဆောက်ရေး၌ အထူးဆုရရှိသူ ၁၁ဦးအားလည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲ (ဆုရပြီးသူများအတန်း) ခေတ်မီဘက်စုံ တည်ဆောက်ရေး၌ အထူးဆုရရှိသူ ခုနစ်ဦးအားလည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲ(လူသစ်တန်း)ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု၌ အထူးဆုရရှိသူ ခုနစ်ဦးအားလည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲ (ဆုရပြီးသူများအတန်း)ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု၌ အထူးဆုရရှိသူ နှစ်ဦးအားလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း(ဗဟိုအဆင့်) ကျပန်းစကားပြောပြိုင်ပွဲ၌ အထူးဆုရရှိသူ တစ်ဦးအား လည်းကောင်း၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(အခြေခံပညာအဆင့်)၌ အထူးဆုရရှိသူ တစ်ဦးအားလည်းကောင်း၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)၌ အထူးဆုရရှိသူ ခြောက်ဦး

အားလည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲ(တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်)၌ အထူးဆုရရှိသူ တစ်ဦးအားလည်းကောင်း၊ ကဗျာပြိုင်ပွဲ(အခြေခံပညာအထက်တန်းအဆင့်)၌ အထူးဆုရရှိသူ တစ်ဦးအား လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲ(ကျွမ်းကျင်ပညာရှင်အဆင့်)၌ အထူးဆုရရှိသူ တစ်ဦးအားလည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ(အလယ်တန်းအဆင့်)၌ အထူးဆုရရှိသူတစ်ဦးအား လည်းကောင်း၊ ပန်းချီပြိုင်ပွဲ(မူကြိုအဆင့်)၌ အထူးဆုရရှိသူ သုံးဦးအားလည်းကောင်း၊ ပန်းချီပြိုင်ပွဲ (မူလတန်းအငယ်အဆင့်)၌ အထူးဆုရရှိသူသုံးဦးအားလည်းကောင်း၊ ပန်းချီပြိုင်ပွဲ(မူလတန်း အကြီးအဆင့်) ၌ အထူးဆုရရှိသူ လေးဦးအားလည်းကောင်း၊ ပန်းချီပြိုင်ပွဲ(အလယ်တန်းအဆင့်)၌ အထူးဆုရရှိသူငါးဦးအားလည်းကောင်း၊ ပန်းချီပြိုင်ပွဲ(အထက်တန်းအဆင့်)၌ အထူးဆုရရှိသူ ငါးဦးအားလည်းကောင်း၊ ပန်းချီပြိုင်ပွဲ (အလွတ်တန်းအဆင့်)၌ အထူးဆုရရှိသူ လေးဦးအားလည်းကောင်း၊ ပန်းပုပြိုင်ပွဲ(အလွတ်တန်း) ပလာစတာ၌ အထူးဆုရရှိသူလေးဦးအားလည်းကောင်း၊ ပန်းပုပြိုင်ပွဲ (အလွတ်တန်း)သစ်သား၌ အထူးဆုရရှိသူငါးဦးအားလည်းကောင်း၊ ကဗျာတို(အဆင့်-၁)၌ အထူးဆုရရှိသူနှစ်ဦးအားလည်းကောင်း၊ ကဗျာတို(အဆင့်-၂) ၌ အထူးဆုရရှိသူ လေးဦးအားလည်းကောင်း၊ ကဗျာရှည်(အဆင့်-၁)၌ အထူးဆုရရှိသူ တစ်ဦးအားလည်းကောင်း၊ စစ်ချီတေးပြိုင်ပွဲ၌ အထူးဆုရရှိသူ လေးဦးအားလည်းကောင်း၊ စစ်ရေးတေးပြိုင်ပွဲ (အဆင့်-၁)၌ အထူးဆုရရှိသူငါးဦးအားလည်းကောင်း၊ စစ်ရေးတေးပြိုင်ပွဲ (အဆင့်-၂)၌ အထူးဆုရရှိသူငါးဦးအားလည်းကောင်း၊ဦးတည်ချက်(၁၂)ရပ်၌ အထူးဆုရရှိသူ ငါးဦးတို့အားလည်း ကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အထူးဆု

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်းမှ အထူးဆုရရှိသူပေါင်း ၁၁၃ဦးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာ ခုနစ်ရက် အလုပ်ပေးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကုလားတန်းသုံးအိမ်စု ကုလားတန်းကျေးရွာ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တ ဓမ္မိက ကျေးရွာအုပ်စုသံဃနာယက ဥက္ကဋ္ဌဂိုဏ်းချုပ် ဆရာတော်ကျောင်းတွင် (၁၃၆၆ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်မှ နှောင်းတန်ခူးလဆန်း ၃ ရက်)အထိ (ဧပြီ ၅ ရက်မှ ၁၁ ရက်အထိ) မိုးကုတ်ဝိပဿနာအလုပ်ပေးတရားတော်ကို ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီးနှင့် အလုံမြို့နယ် ကွင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက တိုက်ပိုင်ဆရာတော် ဦးပညာသိရီ၏တပည့် ရန်ကုန်မြို့ မိုးကုတ် အဖွဲ့ချုပ်၏နယ်လှည့်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက အလုံမြို့နယ် ကွင်းကျောင်းပရိယတ္တိစာသင်တိုက် နာယက စာချဖြစ်သော မွေးမေမေတ္တာ ဦးကောသလ္လနှင့် ဦးပဏ္ဍဝတို့က သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ် တရားတော်များ ဟောကြားပြသမည်ဟု သိရသည်။ **(က-ပ)**

သကြၤန်တွင်း ၁၀ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

သဃ်န်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက် ကံ့ကော်မြိုင် သာသနာ့ရိပ်သာ စာသင်တိုက်တွင် ဧပြီ၈ရက်မှ ၁၇ရက် (နှစ်ဆန်း ၁ ရက်နေ့)အထိ သင်္ကြန်တွင်း ၁၀ရက်တရားစခန်း ဖွင့်မည်ဖြစ်သည်။ တရားစခန်းဝင်မည့်ယောဂီများ ကြိုတင်စာရင်းပေးသွင်း ကြရန်နှင့် ဧပြီ ၇ရက် (ကြာသပတေးနေ့) ညနေ၅နာရီအရောက် တရားစခန်းဝင်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်တွင် တည်ဆောက်နေသော ဘိုင်းဒါးရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

မလွန်ဆန်လှူသင်းတောက် ဆွမ်းဆန်တော် ရေစက်ချမဏ္ဍပ်သဘင်

ရန်ကုန် မတ် ၂၈

လှိုင်မြို့နယ် (၁၆)ရပ်ကွက်၊ မလွန်ဆန်လှူသင်းထောက်နှင့်တိပိဋက နိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့က (၂၇)ကြိမ်မြောက် ဆွမ်းဆန်တော်နှင့် တစ်နှစ်တာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချမဏ္ဍပ်သဘင်အဖြစ် အလက(၆) ကျောင်းဝင်းတွင်တရားပွဲအစီအစဉ်များ ကျင်းပမည်ဖြစ်သည်။ ဧပြီ၁ရက်တွင် ဖောင်တော်သီ ဆရာတော် ဘဒ္ဒန္တ နန္ဒိမာဓိပတိ၊ ဧပြီ ၂ရက်တွင် ရွှေရတု တိပိဋကရေဆရာတော် ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ၊ ဧပြီ ၃ရက်တွင် သီတဂူကြယ်တစ်ပွင့် ဘဒ္ဒန္တ ပညာနန္ဒ၊ ၄ရက်တွင် ဘဒ္ဒန္တ သူရိယာ ဘိဝံသ၊ ၅ရက်တွင် ညောင်ကန်ဆရာတော် ဘဒ္ဒန္တ ဣန္ဒက မလွန်ဆန်လှူနယ်လှည့် ဓမ္မကထိက၊ ၆ရက်တွင် ဓမ္မစေတီ ဆရာတော် ဘဒ္ဒန္တ ကောသလ္လ၊ ၇ ရက်တွင် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ၊ ၈ရက်တွင် ကမ္ဘာ့သာသနာပြု ချမ်းမြေ့ ဆရာတော် ဘဒ္ဒန္တ ဇနကာဘိဝံသ၊ ၉ရက်တွင် ဘဒ္ဒန္တ ဝဏ္ဏိတနှင့် ၁၀ ရက်တွင် ဘဒ္ဒန္တ နန္ဒောဘာသာဘိဝံသ တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဒိုက်ဦးမြို့နယ် ဘိုင်းဒါးရေလှောင်တမံတည်ဆောက်မှုလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်ဌေးဦး စစ်ဆေး၊ လုပ်ငန်းများအမြန်ပြီးစီးရေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ်၂၃ရက်က ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ဘိုင်းဒါး ရေလှောင်တမံဆည်ရေသောက်ဒေသ၌ တူးမြောင်းလုပ်ငန်းများနှင့်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးခင်မောင်ယုတို့က ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ပင်မမြောင်းနှင့် လက်တံအမှတ်(၁)တူးမြောင်း ဆက်စပ်သည့် ရေခွဲအဆောက်အအုံပြီးစီးမှု၊ လှည်းကူးကျေးရွာအနီး၌ မြောင်းကူးတံတားပြီးစီးမှုနှင့် ရေတံလျှောက်မြောင်းပြီးစီးမှု၊ ရေလွှဲဆည်အနီး၌ ပင်မမြောင်းကို စက်ယန္တရားများဖြင့် တူးဖော်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီးလှည်းဝိုင်းကျေးရွာအနီး၌ တည်ဆောက်ပြီးစီးပြီဖြစ်သည့် ဘိုင်းဒါးရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က အရှည်ပေ၂၅၀၊ အမြင့်ပေ ၂၀ရှိသည့် ရေလွှဲဆည်တွင် သဲထုတ်ရေတံခါးသုံးပေါက် တပ်ဆင်ထားမှု၊ရေလွှဲဆည်နှင့်ဆက်စပ်နေသည့် ရေပေးတူးမြောင်းများပြီးစီးမှု၊ ပြီးစီးသော လုပ်ငန်းပိုင်းမှ ဆည်ရေ ပေးနိုင်ရန် ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ၊ကောလိယရေလှောင်တမံနှင့် ရေလွှဲဆည် ရေပေးတူးမြောင်းစနစ်များ၊ ရေပေးဝေမည့်လုပ်ငန်းများကို လည်းကောင်း ရှင်းလင်း တင်ပြကြသည်။

မှာကြား

ဝန်ကြီးက ဆည်ရေသောက်စနစ်များကို ပြီးစီးအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသခံတောင်သူများ၏ သီးနှံစိုက်စွမ်းအားတိုးတက်စေပြီး စီးပွားရေးလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်အလိုက် သတ်မှတ်ပေးထားသော ဆည်ရေသောက်လုပ်ငန်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရေးနှင့် ဆည်ရေရရှိမှုအပေါ်မူတည်၍ သီးနှံပုံစံရေးဆွဲစိုက်ပျိုးနိုင်ရေး၊ စက်သုံးဆီလေလွင့်မှု မရှိစေရေး၊ ရေသွယ်မြောင်းများ ရေရှည်ခိုင်မာရေးအတွက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက ဖွင့်လှစ်သော စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို အမက(၄) မဏ္ဍပ်သက ခန်းမတွင် မတ် ၁၄ရက်က ကျင်းပရာ ရန်ကုန်တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

မတ် ၂၈ရက်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရ အေးမြင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်သို့ သိုင်းဝတ်စုံများ လှူဒါန်းရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြသိန်း လက်ခံရယူစဉ်။ (မြန်မာ့အလင်း)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ပြန်လည်ကျင်းပ

ပို့ဆောင်ရေးနှင့်စွမ်းအင်အသင်းတို့အနိုင်ရရှိ

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြန်လည်ကျင်းပရာ စွမ်းအင်အသင်းက မလိခအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသော ပို့ဆောင်ရေးအသင်းနှင့် သစ်တောရေးရာအသင်းတို့၏ ပွဲစဉ်တွင် ပို့ဆောင်ရေးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

မတ် ၂၉ရက်**(ယနေ့)** ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ ပဒေသာအားကစားပြိုင်ကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဒဂုံစိန်စည်ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဂိမာန်ဦးသင်္ကြန် အထူးတရားစခန်းပွဲကို စိန်စည်ဆရာတော် ပြည်ပဓမ္မဒူတခရီးမှ ပြန်ကြွလာပြီဖြစ်၍ ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများဆက်သွယ်နိုင်ကြောင်းနှင့် ယောဂီတို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလိုပါက ရိပ်သာဖုန်း-၅၈၁၁၆၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၂၈

ဦးငွေအောင်(Sakura)သည် သန်လျင်ဂေါက်ကလပ်၌ မတ် ၂၀ ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၁၇သို့ ၁၀၁ ကိုက်အကွာမှ (Titlist) ဘောလုံးကို Honma Sand Weage တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးဇော်လင်း၊ ဦးမောင်ဝင်း၊ ဦးဇော်မင်းတို့နှင့် အတူ ကစားခဲ့ကြောင်း သိရသည်။ **(က-ပ)**

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲဖွင့်

ရန်ကုန် မတ် ၂၈

၂၀၀၅ခုနှစ် ပဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားအလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်ဝိတ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်ကျင်းပ

ပထမနေ့ပွဲစဉ်များအဖြစ် အမျိုးသမီး အလွတ်တန်း ၄၈ ကီလိုတန်း၊ ၅၃ကီလိုတန်း၊ ၅၈ကီလိုတန်း၊ အသက်၂၀အောက် ၄၄ကီလိုတန်း၊ ၄၈ကီလိုတန်း၊ ၅၃ကီလိုတန်း၊ အမျိုးသား အလွတ်တန်း ၅၆ကီလိုတန်း၊ ၆၂ ကီလိုတန်း၊ ၆၉ ကီလိုတန်း၊ ၇၇ကီလိုတန်း၊ အသက် ၂၀အောက် ၅၀ကီလိုတန်းနှင့် ၅၆ ကီလိုတန်းများ ဆက်လက်ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

ယခုပြိုင်ပွဲသို့ စက်မှု(၁)၊အား/ကာသိပ္ပံ(ရန်ကုန်) (က)နှင့်(ခ)အသင်း၊ သဃ်န်းကျွန်းမြို့နယ်၊ စက်မှု(၂)၊ မြို့တော်စည်ပင်၊ရထားပို့ဆောင်ရေး(က)နှင့်(ခ)အသင်း၊ လယ်ယာဆည်မြောင်း(က)နှင့်(ခ)အသင်း၊ ကက(ရေ)နှင့် လပခအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဒုတိယနေ့ပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို မတ်၂၉ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်ဝိတ် အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ တောင်အမေရိကဇုန်ယှဉ်ပြိုင်ကစား

ဘရာဇီး၊အာဂျင်တီးနားနှင့်အီကွေဒေါတို့အနိုင်ရပြီး ခြေစစ်ပွဲအောင်ရန်သေချာ

ဘရာဆီးလီးယား မတ် ၂၈

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ တောင်အမေရိကဇုန်ခြေစစ်ပွဲများကို မတ်၂၇ရက်က ဆက်လက်ကစားရာ လက်ရှိကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီးက ပီရူးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အီကွေဒေါက ပါရာဂွေးကို ငါးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အာဂျင်တီးနားက ဘိုလီးဗီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြရာ ဘရာဇီးနှင့် အာဂျင်တီးနားတို့ ခြေစစ်ပွဲအောင်ရန် သေချာသလောက်ရှိနေပြီး အီကွေဒေါလည်း ခြေစစ်ပွဲ တိုက်ရိုက်အောင်ရန် အခြေအနေကောင်းလျက်ရှိသည်။

ဘရာဇီးနှင့်ပီရူး

မိမိမြေပေါ်တွင် ကစားရသည့် ခြေစစ်ပွဲခြောက်ပွဲကို ရှုံးပွဲမရှိကစားထားသော ကမ္ဘာ့ဖလားလက်ရှိချန်ပီယံ ဘရာဇီးသည် ဧည့်သည်ပီရူးကို စိတ်ကြိုက် ကစားသွားနိုင်ခဲ့သည်။ အဝေးကွင်း ခြောက်ပွဲကစားပြီးချိန်တွင် တစ်ပွဲသာ အနိုင်ရရှိသေးသော ပီရူးအသင်းသည် ၁၂ပွဲကစားပြီးချိန်တွင် သုံးပွဲသာ အနိုင်ရရှိထားရာ ခြေစစ်ပွဲအောင်ရန် မလွယ်ကူတော့ပေ။

ဘရာဇီးအသင်းတစ်ဦးချင်းရော အတွဲလိုက်ပါ တစ်ဖက်သတ်ထိုးဖောက်ကစားနိုင်ခဲ့ရာ ၂၅မိနစ်တွင် ကာဖူးဖြတ်ပေးလိုက်သည့်ဘောလုံးကို ရော်နယ်ဒို လွတ်လွတ်ကျွတ်ကျွတ်ကန်သွင်းခွင့်ရသော်လည်း လွဲချော်သွားခဲ့ရသည်။ ဘရာဇီးတို့ဆက်လက်ဖိကစားထားနိုင်ရာ ပွဲချိန်၃၂မိနစ်တွင် ရော်နယ်ဒိုပေးသည့် ဘောလုံးကို ရော်ဘတ်တိုကားလို့စ် ပိုင်နိုင်စွာမကန်သွင်းနိုင်သဖြင့် ဂိုးမရခဲ့ပေ။

ပီရူးတို့တိုက်စစ်ဆင်ထိုးဖောက်ကစားမှုမှာလည်း ထိရောက်မှုမရှိသဖြင့် ပွဲချိန်၇၃မိနစ်တွင် ဘရာဇီးတိုက်စစ်မှူးကာကာက ပီရူးနောက်ခံလူ ဟန့်တားရန်ကြိုးစားစဉ် အနီးကပ်သွင်းယူခဲ့သဖြင့် တစ်လုံးတည်းသော ဂိုးဖြင့် ဘရာဇီးတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ဘရာဇီးသည် ခြေစစ်ပွဲ၁၂ ပွဲကစားပြီးချိန်တွင် ခြောက်ပွဲနိုင်၊ ငါးပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ၂၃မှတ်ရရှိကာ တောင်အမေရိကဇုန် ၁၀နိုင်ငံတွင် ဒုတိယနေရာတွင်ရှိပြီး ခြေစစ်ပွဲအောင်ရန် သေချာနေပြီဖြစ်သည်။

၂၀၀၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ တောင်အမေရိကဇုန်ခြေစစ်ပွဲအဖြစ် ဘရာဇီးနှင့် ပီရူးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒို(ယာ)၏ ထိုးဖောက်ကစားမှုကို ပီရူးမှ ဂျန်ဂျာယိုလိုက်လံဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဘိုလီးဗီးယားနှင့် အာဂျင်တီးနားတို့ပွဲတွင် အာဂျင်တီးနား တိုက်စစ်မှူး ဖီရူရိုရာ (ဝဲ) ပီရူးဘက်သို့ ထိုးဖောက်ကန်သွင်းစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီကွေဒေါနှင့်ပါရာဂွေး

တောင်အမေရိကဇုန်တွင် ခြေစစ်ပွဲအောင်ရန် အသည်းအသန် ရုန်းကန်နေရသည့် ပါရာဂွေးကို အိမ်ကွင်း၌ အီကွေဒေါတို့ ဂိုးပြတ်သွင်းအနိုင်ယူခဲ့ပြီး ပါရာဂွေးအား အမှတ်ဖြတ်နိုင်ခဲ့သည်။ ပါရာဂွေးတို့ အနိုင်ရမှုဖြစ်မည်ဟု စိတ်ဓာတ်ဖြင့် ပွဲစသည်နှင့်အီကွေဒေါဘက်သို့ တိုက်စစ်ဆင်ကစားရာ ကိုးမိနစ်မှာပင် ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘောကို ဂျိုးကာဒိုဇိုက ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ ဆက်လက်ပြီးဖိကစားရာမှ ၁၄မိနစ်တွင် ကာဘာနပ်စ်က တစ်ဂိုးထပ်မံသွင်းယူခဲ့ရာ ပါရာဂွေးတို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

အိမ်ကွင်း၌ ရှုံးပွဲမရှိသော အီကွေဒေါက ကစားကွက် ပြန်တည်ပြီး တိုက်စစ်ဆင်ကစားရာမှ ၃၂ မိနစ်နှင့် ၄၉မိနစ်တွင် ဗလင်စီယာက နှစ်ဂိုးသွင်းယူပြီး ၄၅ မိနစ်နှင့် ၄၇ မိနစ်တွင် အီဒစ်ဆင်မင်ဒက်ဇ်က နှစ်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် လေးဂိုး - နှစ်ဂိုးဖြစ်နေရာ ၇၇မိနစ်တွင် အီကွေဒေါတို့ ပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘောကို မာလွန်အယိုဗီက သွင်းယူခဲ့သဖြင့် ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပါရာဂွေးတို့ ယခုပွဲရှုံးခဲ့သဖြင့် ၁၂ပွဲကစား ၁၆ မှတ်ရရှိကာ အဆင့်လေးနေရာတွင် ရှိနေရာ ပဥ္စမနေရာတွင်ရှိနေသော ဥရုဂွေးနှင့် တစ်မှတ်သာကွာလျက်ရှိသဖြင့် ခြေစစ်ပွဲအောင်ရန် ကြိုးစားရဦးမည်ဖြစ်သည်။

ဘိုလီးဗီးယားနှင့်အာဂျင်တီးနား

တောင်အမေရိက ဘောလုံးအင်အားကြီးဖြစ်သည့် အာဂျင်တီးနားကိုဘိုလီးဗီးယားတို့ အိမ်ကွင်း၌ ၄၇မိနစ်တွင် တိုက်စစ်မှူး လူစီယာနိုဂါလက်တီက ခေါင်းတိုက်သောဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ မိမိမြေတွင်ကစားသည့်အခါ ခြေစွာသော ဘိုလီးဗီးယားကို အာဂျင်တီးနားတို့က ချေပဂိုးနှင့် အနိုင်ရရှိရေး လျင်မြန်သော တိုက်စစ်အဟုန်ဖြင့် ထိုးဖောက်ကစားရာ ၅၇မိနစ်တွင် ရိဒရီဂျစ်အဝေးမှ တင်ပေးလိုက်သည့် ဘောလုံးကို အာဂျင်တီးနား တိုက်စစ်မှူး ဖီရူရိုရာက ကန်သွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိခဲ့သည်။ ထို့နောက် ပွဲချိန် ၆၃ မိနစ်တွင် ဂါလက်တီက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် အာဂျင်တီးနားတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဂျင်တီးနားသည် တောင်အမေရိကဇုန်တွင် ၁၂ပွဲကစား ခုနစ်ပွဲနိုင် လေးပွဲသရေ တစ်ပွဲရှုံးဖြင့် ၂၅ မှတ်ရရှိပြီး ထိပ်ဆုံးနေရာတွင်ရှိကာ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန် သေချာနေပြီ ဖြစ်သည်။

အခြားပွဲရလဒ်များ

ဗင်နီဇွဲလား	**၀ - ၀**	**ကိုလံဘီယာ**
ချီလီ	**၁ - ၁**	**ဥရုဂွေး**

(အင်တာနက်)

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၅ခုနှစ် ဧပြီလ ၁ ရက် (သောကြာနေ့)သည် ဘဏ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်။

NEW MOTION TRAVELS CO., LTD.

Air Bag, Aircon Bus, Standard Hotel, Restaurant, Medical Care, Guide Service

Escape From Everyday Life

Ph: 725799,537024,09-50-18738

Ph: 02-32020,09-510-9916

လက်ထပ်မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏၁၂-၃-၂၀၀၅ရက်တွင် မြရိပ်ညိုရွှင်ရယ်ဟိုတယ်တွင် ကျင်းပပြုလုပ်သော မင်္ဂလာလက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးချီးမြှင့်ပေးပါသော တရားသူကြီးချုပ် ဦးအောင်တိုးအားလည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မဟာစည်သာသနာ့ရိပ်သာတွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၁၉-၃-၂၀၀၅ရက်တွင် Sedona Hotel ၌ ကျင်းပသော မင်္ဂလာညစာခံပွဲအခမ်းနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့်ဇနီး ဒေါ်ခင်မိမိအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်နှင့် မင်္ဂလာဆွဲကြိုးများ ချီးမြှင့်ပေးပါသော ပါမောက္ခဒေါက်တာ ဦးမောင်မောင်ဝင့် ညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံပညာဦးစီးဌာနနှင့် ဇနီးဒေါ်လှဲ့လှဲ့ယုအားလည်းကောင်း၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဆရာသမားများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဖက်အပေါင်းအသင်းသူငယ်ချင်းများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ ဦးဝင်းတင်၊ မင်္ဂလာဝတ်စုံ မမချို၊ မိတ်ကပ်ဆံပင်စိုးစိုး၊ အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ ပန်းအလှပြင် မစန်းစန်းဦး၊ ဓာတ်ပုံဗီဒီယို အကိုင်းနှင့်အဖွဲ့၊ စန္ဒရားသိန်းမြင့်သန်းတေးဂီတအဖွဲ့နှင့် မင်္ဂလာအခါတော်ပေးတေးသီချင်း သီဆိုပေးသော တေးသံရှင် ရတနာဦး၊ ၁၉-၃-၂၀၀၅ရက် ညနေပိုင်းတွင် Dusit Inya Lake Hotel, Lake Side View ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာတေးသံသာများ ချီးမြှင့်ပေးသော မိတ်ဆွေ၊ သူငယ်ချင်းနှင့်ဆွေမျိုးများအားလည်းကောင်း၊ မြရိပ်ညို Hotel, Sedona Hotel နှင့် Dusit Inya Lake Hotel တို့မှ ဝန်ထမ်းများအားလည်းကောင်း၊မင်္ဂလာပွဲဖြစ်မြောက်အောင် အစစအရာရာလိုလေသေးမရှိ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သောသူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် မောင်မိုးဟိန်း-ဒေါက်တာဖြူဖြူလေး။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

၂၇-၃-၂၀၀၅ရက်(တနင်္ဂနွေနေ့)တွင် (Grand Ball Room Dolphin Hall)၌ ပြုလုပ်ခဲ့သော ကျွန်တော်/ကျွန်မတို့၏ မင်္ဂလာညစာခံပွဲကို ခင်မင်စွာဖြင့် ကြွရောက်ချီးမြှင့်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မေတ္တာဖြင့် အလှဆင်ပေးသူ (ကြင်ကြင် ဆံပင်မိတ်ကပ် အလှဖန်တီးရှင်) ဒေါ်ကြင်ဝင်းအားလည်းကောင်း၊ တေးသံသာများဖြင့် တီးခတ်သီဆိုပေးခဲ့ကြသော ပန်းဝတ်မှုံကလေးများအားလည်းကောင်း၊ ဟိန်းဗီဒီယိုဓာတ်ပုံ ဦးသန်းဦးနှင့်အဖွဲ့အား လည်းကောင်း ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မောင်သန်းနိုင်ဝင်း-မသော်သော်သက်မြတ်နိုး။

Ph:704423, 547288

ရွှေငွေရွှေ

☎ : 254688
377821

သာယာမည်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B)နှင့် ဆက်သွယ်ပါ။
ဖုန်း-၀၁-၃၇၈၆၄၉၊
တိုက်အမှတ်(၁၇)၊အခန်း(၅)၊မြေညီထပ်၊
ဦးဝိစာရအိမ်ရာ၊
မင်းမနိုင်၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့။(ပိတ်ရက်မရှိ)

ဆရာဌေး အင်္ဂလိပ်စာသင်တန်း

ဧပြီလ ၂/၄ ရက်နေ့ တန်းခွဲသစ်ဖွင့်မည်။

Ph:-288871

မအောင်ဟုန်
မြိတ်
စပါယ်ရှယ်ကပ်ကျေးကိုက်
ဧပြီ ၃ရက် ဖွင့်မည်။
တိုက် ၈၊ အခန်း ၀၀၅၊
အောင်ချမ်းသာအိမ်ရာ၊
အရှေ့ရွှေဂုံတိုင်လမ်းမကြီး၊
ဗဟန်းမြို့နယ်။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား သန်းဆွေ မှတ်ပုံတင်နံပါတ် ၈/ရစက(နိုင်)၀၀၁၀၂၂အား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါသည်။၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား (လုံးဝ) တာဝန်မယူပါ။

ဖခင်-ဦးညော့်ဒုံး
၈/ရစက(နိုင်)၀၇၀၁၈၆
မိခင်-ဒေါ်ကျင်ငွေ
၈/ရစက(နိုင်)၀၇၀၃၄၅
ဓိုးပင်ကုန်းရွာ၊ရေစကြိုမြို့နယ်။

မဟာဒုက်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

ရန်ကုန် မတ် ၂၈

ညောင်လေးပင်မြို့နယ် မဒေါက်မြို့ သောင်ကြီးကျေးရွာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာဒုက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို (၂၅)နှစ်ပြည့် ငွေရတုပွဲအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းမှုတွင် သောင်ကြီး သာသန ဝေပုလ္လကျောင်းရှိ သံဃာတော်များနှင့် မြို့နယ်အတွင်းရှိ ကျောင်းများမှ သံဃာတော်များအား ဧပြီ၂ရက်တွင် ရန်ကုန်မြို့ရှိ အလှူရှင်များ၊ ကျေးရွာရှိ စေတနာရှင်များ စုပေါင်း၍ မဟာဒုက် ဆွမ်းဆန်စိမ်းများလောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကင်း အမက(၁၀)၏ ကျောင်းကျန်းမာရေးလှုပ်ရှားမှုအဖြစ် အာဟာရတိုက်ကျွေးခြင်းအခမ်းအနားကို မတ်၄ရက်က ပြုလုပ်ရာ သီရိလမ်း ကျောက်ကုန်း ရန်ကင်းနေ ဦးဝင်းလွင်-ဒေါ်ခင်အေးလွင် မိသားစုက သုံးကြိမ်မြောက် အာဟာရဘဲသားဆန်ပြုတ် တိုက်ကျွေးလှူဒါန်းစဉ်။

(က-ပ)

မီးဘေးအန္တရာယ်
အစဉ်သတိပြုကြကွယ်

ICBA
International Computing and Business Academy
International Diploma in Business- IDB (NCC)
International Advanced Diploma in Business-IADB
Enroll NOW
Opening on 2nd May 2005
29-31 March 2005 ICBA Booth-73 Myanmar Convention Centre
5% Discount within ICT Exhibition at MCC
inspiring

3D Game Programming Seminar
ကျွမ်းကျင်သူဖြင့် **3D Game** များဖန်တီးခြင်းပညာရပ်ကို လက်တွေ့သရုပ်ပြရှင်းလင်း ပြသမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။
နေ့ရက် - ၁-၄-၂၀၀၅ သောကြာနေ့
အချိန် - မွန်းလွဲ ၂း၀၀ မှ ညနေ ၄း၀၀
နေရာ - International Business Centre (I.B.C) ပြည်လမ်း
စီစဉ်သူ- T.A.G ☎ : 661825, 095019635

လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

၂၆-၃-၂၀၀၅ ရက် (စနေနေ့)တွင် The Strand Hotel, Strand Grill ... The Strand Hotel မှ ဝန်ထမ်းများအားလည်းကောင်း ...

M.A.E Education Centre
Basic English (Grammar, Writing, Vocabulary)
Spoken English (Speaking & Listening)
T.O.E.F.L, I.E.L.T.S, G C E (English only)
Business English
Writing Course
1st April
M.A.E Education Centre
Asia Plaza, 5th Floor,
Seikkantha St., Tel : 708158,
254424 / 254425 Ext - 822
Enroll

(လိပ်ခေါင်း။ ဇာတိုနာ)အကြောင်း

သားထံသို့ ပေးစာ

တပေါင်းလေရဲ့ အသုတ်မှာ တဖြုတ်ဖြုတ် ကြွေပြုတ်လွင့်ပါသွားကြတဲ့ ရွက်ကျင် ရွက်နာ ရွက်ဟောင်းလေးတွေကိုကြည့်ပြီး မမြဲတဲ့သဘောကို မြင်လာရပါ တယ်။ ကျိုးတိုးကျဲတဲ ရိုးတံဖွဲလေးတွေကလဲ မရှုရက်စရာဘဲ၊ သူတို့ရဲ့ အဆင်းရဲကြီးပုံတွေကို စာနာရင်းနှင့် တစ်နှစ်လုံးပျောက်နေတဲ့ ဥဩသံလေးများ ကြားရပြန်တော့လဲ မလွမ်းဘဲ မနေနိုင်ဖြစ်ရပါတယ်။ ရွက်အုပ်တွေကြားက တပေါင်းလတေးကို ဆိုဖို့ရောက်လာတဲ့ ဥဩလေးတွေကို နွေဦးရဲ့ တမန်တွေပဲလို့ ထင်မိလာရပါတယ်။

ဝနပ္ပကုမ္ဘေ ယထာဖုဿိတဂ္ဂေ ဂိမှာနမာသ ပထမသ္မိံ ဂိမှေ လို့ ရတနာ့သုတ်တော်မှာပါတဲ့အတိုင်း နွေဦးရဲ့အလှဟာ ဒီတပေါင်းလမှာ အတင့်တယ်ဆုံး ဖြစ်ပါတယ်။ ဂါထာခြောက်ဆယ်ပျို့ကို အရှင်အုန်းညိုသူမြတ် ဖွဲ့ခဲ့တာဟာလဲ တပေါင်းလဘွဲ့ချည်းသာ ဖြစ်ပါတယ်။ "သွားချိန်တန်စွာ ဤကာလကား၊ ချမ်းမြမသန်၊ ပြင်းထန်မပူ၊ လွင့်ဖြူမထောင်း၊ ညွတ်ပျောင်းမချင်း၊ လေပြင်းမလာ။ သည်းစွာထစ်ကြိုး၊ အုံ့မိုးမစွေ၊ ရေလည်းမကြီး ခရီးခွန့်ရှည်နှစ်သောင်း(ထေရ်) ထီနှင့်လို့ ဖွဲ့ခဲ့တာဟာ မြတ်စွာဘုရားကို ဆွေတော်မျိုးတော်များရှိရာ ကပ္ပိလဝတ်သို့ ခရီးကြွဖို့ စိတ်ညွတ်နူးလာအောင်၊ ကာဠုဒါယီအမတ်ကြီးက လျှောက်ထားခဲ့တာ ဖြစ်ပါတယ်။

တပေါင်းလမှာ ရွက်သစ်လေးတွေကနုလို့၊ မင့်တချို့ ငုံတချို့နှင့် နေပြောက်မထိုးအောင် အခက်ချင်းယှက်ပြီး ကာပေးကြတယ်၊ ပန်းမန်တွေကလဲ ရနံ့ပေါင်းစုံနှင့် ပူဇော်နေကြတယ်။ မြစ်ချောင်းတွေကလဲ ပြည့်လျှံမောက်မို့ပြီး သောက်သုံးဖို့ အသင့်ဖြစ်နေကြပါတယ်။ ဘုရားရှင်ရဲ့ မေတ္တာတော်ကြောင့် ရန်သူသားရဲတိရစ္ဆာန်တွေကလဲ အမျက်ဒေါသမရှိ ရန်ငြေငြိမ်းကြပြီး ကျေးငှက်ကလေးတွေကလဲ နှုတ်သီးကိုမြေကြီးမှာ စိုက်ပြီး ပူဇော်နေကြတယ်။ သစ်ကိုင်းချင်းငြိတဲ့အသံကလဲ စောင်းသံနှင့် ပူဇော်နေသလိုပဲလို့ ဖွဲ့ခဲ့တာ ဒီတပေါင်းလပဲ ဖြစ်ပါတယ်။

မြန်မာတို့အတွက် အမြတ်ဆုံးဖြစ်တဲ့ လွတ်လပ်ရေးအောင်ပွဲခံခဲ့တဲ့ လဖြစ်ပါတယ်။ သာယာတဲ့ တပေါင်းလရဲ့ ပံ့ပိုးမှုကြောင့် တအားတက်ပြီး မျိုးချစ်တပ်မတော်ကြီးဟာ ရန်သူကို တော်လှန်အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ တပ်မတော်သားတွေ သတ္တိစွမ်းရည်ပြခဲ့ကြတဲ့ တပေါင်းလဟာ စာရေးသူအဖို့ စိတ်ခတ်အလှုပ်ရှားရဆုံး အချိန်ဖြစ်ပါတယ်။

သားရေ၊ အိမ်ရှေ့ကလမ်းပေါ်မှာ လေပွေမွှေလို့ သစ်ရွက်ကလေးတွေ လိုက်တမ်းပြေးတမ်း ကစားကုန်ကြပြီ၊ တပေါင်းလေက အပင့်အပင့်၊တော်လှန်ရေး အလံတော်က အလွင့်အလွင့်၊ သားတို့တပ်မတော်သားတွေကလဲ ရန်သူကို ချေမှုန်းဖို့အသင့်အသင့် ရှိနေကြရော့မယ်။ သားရယ်၊ မင်းဖေယျ ရန္တမိတ်က တပေါင်းလဟာ စစ်သည်တော်များ လူစုံ တက်စုံ အိမ်ပြန်ရောက်ကြတဲ့လလို့ ရတုရေးခဲ့တယ်။

သားတို့က လက်ရုံးရည်၊ နှလုံးရည်၊ စစ်စွမ်းရည်နှင့် နိုင်ငံကိုကာကွယ်နေကြသလို မေမေတို့မှာလဲ ကိုယ်နိုင်ရာ ကလောင်ကလေးထမ်းပြီး ရှေ့တန်းက သားတို့တစ်တွေ တိုက်ပွဲတစ်ရာ၊ အောင်ပွဲတစ်ရာ၊ ဆင်နိုင်ပါစေလို့ ဆုတောင်းနေလျက်ပါ။ ပြည်သူတွေကြားမှ ပေါက်ဖွားလာပြီး ပြည်သူနှင့် တစ်သားတည်း ရပ်တည်ခဲ့တဲ့ တပ်မတော်၊ ပြည်သူတို့အပေါ် ထာဝရသစ္စာစောင့်သိတဲ့ တပ်မတော်၊ တော်လှန်ရေးအဆင့်ဆင့်မှာ အတွေ့အကြုံရင့်ကျက်ပြီး တစ်ခဲနက် အမာခံအင်အားစုကြီးအဖြစ် ရပ်တည်ကာကာကွယ်ပေးနေတဲ့ တပ်မတော်၊ နယ်စွန်နယ်ဖျားရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးနေတဲ့ တပ်မတော်ဖြစ်တယ်။ ပြည်သူတို့အတွင်း လက်တွေ့ဆင်းပြီး လမ်းဖောက်၊ တံတားဆောက်၊ မြေသယ်မြေဖို့နေတဲ့ပုံတွေကို မြင်ရပြီး မေမေ့မှာပီတိဖြစ်ရပါတယ်။ သားတို့ကိုယ်တိုင်မြေကြီးသယ်နေတဲ့ ဓာတ်ပုံလေးတွေကိုလဲ ပြန်ကြည့်မိတယ်။ နယ်စွန်နယ်ဖျားက တိုင်းရင်းသားကလေးငယ်တွေကို သားတို့ စာသင်ပေးတယ်။ ရိက္ခာလေးတွေကိုလဲ ဝေငှပေးတယ်။ ဘုန်းကြီးကျောင်းများကိုလဲ သွားလှူတယ်ဆိုတာ ကြားရလို့ သာဓုခေါ်မိပါတယ်။

မေမေတို့ဆီပို့လိုက်တဲ့ ရှေ့တန်းလက်ဆောင် မျက်နှာသုတ်ပဝါလေးကို ဆရာတော် ဦးသာဟံပတိကို လှူလိုက်ပါပြီ။ ကျုပ်တို့ကလေးတွေဟာ နယ်စွန်နယ်ဖျားမှာ အသက်စွန့်ပြီး အလုပ်လုပ်နေကြတာဟာ သူတို့ဝမ်းစာရေးကိစ္စအတွက်ချည်းမဟုတ်ဘူး၊ နိုင်ငံကိုချစ်မြတ်နိုးလို့ သက်စွန့်ကြိုးပမ်း အလုပ်လုပ်နေကြတာဖြစ်တယ်ဆိုတဲ့မိန့်ခွန်းဟာ သားတို့အတွက် တန်ဖိုးအရှိဆုံး ရှေ့တန်းလက်ဆောင်ပဲဖြစ်တယ်။

သားတို့ဟာ တရားသောစစ်ကို ဆင်နွှဲနေသူပါ၊ ပြည်တွင်းပြည်ပအန္တရာယ်တွေကာကွယ်ရင်းနှင့် စစ်စွမ်းရည်၊ နိုင်ငံရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည် မြင့်မားရှင်သန်ထက်မြက်စွာနှင့် ဘယ်လိုရင့်ကျက်လာပြီလဲဆိုတာ မေမေတို့ အသိဆုံးပဲ၊ သားဟာ ဒီဂရီရပြီး ဘာအလုပ်မှမလုပ်သေးပဲ ဗိုလ်သင်တန်းဖွင့်ချိန်ကို စောင့်ခဲ့တယ် မဟုတ်လား။ လေးနှစ်လုံးလုံး တက္ကသိုလ် ဘောလုံးအသင်းအတွက် မြို့နယ်ပေါင်းစုံ လှည့်လည်ပြီး ဘောလုံးကန်ခဲ့တယ်။ ယူတီစီအပျော်တမ်းတပ်မှာ လုပ်အားပေးခဲ့တယ်။ မေမေက သားဟာ အင်္ဂလိပ်ဘာသာအဓိကနှင့်

ဒေါမုံညင်း

အောင်တာမို့ နိုင်ငံခြားရေး တတိယအတွင်းဝန် လျှောက်စေချင်တယ်။ မြန်မာ့အသံအင်္ဂလိပ်ပိုင်းအစီအစဉ်မှာ အလုပ်လျှောက်စေချင်တယ်။ ဒါပေမယ့် ဖေဖေပြောတာ မှတ်မိသေးသလား။ အမေ့စကားဆိုပေမယ့် နားထောင်သင့်မှ ထောင်ရမယ်။ မိန်းမဆိုတာ တစ်ခါတစ်ရံ အမြင်မကျယ်ဘူး။ သားယောက်ျားအတွက် လောကမှာ အကောင်းဆုံးအလုပ်ဟာ တပ်မတော်သားပဲတဲ့" မေမေကသားကို အနားမှာ အေးအေးဆေးဆေးအလုပ်ပဲ လုပ်စေချင်တယ်။ သားကတော့ "ဒါဟာမိန်းမအလုပ်တွေပါ"တဲ့ တစ်သက်မှာတစ်ခါပဲသေရမှာပါ၊ စွန့်စားတဲ့ အလုပ်သာလုပ်ချင်တယ်တဲ့၊ မြန်မာ့အသံအတွက် အားကစားဆောင်းပါးတွေရေးပြီး ဦးခင်မောင်သွင်(အက်ဒီသွင်)ဆီပို့ပေးလေ့ရှိတာ မေမေ အသိပဲ၊ တက္ကသိုလ် ဘောလုံးနည်းပြ ဆရာငြိမ်းနှင့် အမြဲလိုက်ပြီး အချိန်တွေ စောင့်ရင်းနှင့် ဗိုလ်သင်တန်းလဲခေါ်ရော သားဟာဆန္ဒပြည့်သွားခဲ့တယ် မဟုတ်လား။ တပ်မတော်ထဲဝင်ဖို့ ဘယ်သူမှ ခိုင်းတာမဟုတ် ယူနီဘာစီတီ စက္ကင်းအဲလဲဗင်း ကပ္ပတိန်လဲဖြစ်၊ အပျော်တမ်းယူတီစီ တပ်သားလဲဖြစ်တဲ့ သားဟာ ချက်ချင်းအရွေးခံရတာပဲ။

သားဟာ သင်တန်းက ပြန်လာရင် အချိုးတစ်မျိုးဖြစ်လာတာ မေမေတို့ တွေ့ရတယ်။ သူ့အဝတ်သူခေါက် သူ့အိပ်ရာသူခင်း၊ အိမ်ကတံခါးတွေ လိုက်ပိတ်၊ သန့်ရှင်းရေးလုပ်နေတာ တွေ့ရတော့ ဖေဖေက "ငါ့သားအတွက်တော့ တစ်သက်စိတ်ချရပြီ" တဲ့ သားဖေဖေဟာ သားကို လုံးလုံးအားကိုးအားထားလာခဲ့ရှာတယ်။ သားထားခဲ့တဲ့ ဂျာကင်ကိုဝတ်ပြီး မနက်လမ်းလျှောက်တယ်လေ။ "Now I Look Like an old army pensioner"တဲ့ စစ်သားမောင်ကြီးလိုလို ဘာလိုလိုကြားချင်ရှာတယ်။ သားပြန်လာတဲ့အခါ ဘယ်ဆရာက ဘယ်လိုအတွေ့အကြုံတွေဆိုတာ ပြောနေရင် အားလုံးဝိုင်းပြီး နားထောင်ကြတယ်လေ။

သောင်းကျန်းသူတွေကို ဝင်စီးနိုင်လို့ တပ်ရင်းက ချီးကျူးသံကြိုးစာတွေ ရောက်ရင်လဲ အိမ်ကိုဂုဏ်ယူရအောင် ပို့ပေးတယ်၊ ကျွန်တော် တော်လို့မဟုတ်ပါဘူး သွန်သင်ပေးတဲ့ အနားက ဆရာကြီးတွေရဲ့ နည်းပြမှုကြောင့်ပါလို့ သားက ပြန်ပြောတယ်ဆိုတာကြားရတော့ အဲဒီလို မာန်မာနမထားပဲ နှိမ့်ချတဲ့ စိတ်ဓာတ်ကို မေမေတို့ ချီးကျူးရပါတယ်။ သားနောက်ကွယ်ရာမှာ သားရဲ့ အားကိုးရတဲ့ ဆာဂျင်ကြီးတွေက ပြောပြတယ်လေ "ဗိုလ်ကြီးဟာ ကျွန်တော်တို့ကို ဘယ်တော့မှ မင်းနဲ့ငါလို့ မပြောဘူး။ ခင်ဗျာ ကျွန်တော်သာ ပြောတယ်တဲ့၊ တစ်ခါတစ်ခါ အင်္ဂလိပ်သီချင်းတွေချည်း ရှေ့တန်းမှာ ဖွင့်နေလို့ "ဗိုလ်ကြီးရယ်၊ မြန်မာသီချင်းလေးများလဲ ကြားရပါစေ"လို့ပြောတယ်ဆို . . .

မေမေတို့က သားရဲ့မွေးနေ့(17th March)မှာ မွေးနေ့လက်ဆောင် သီချင်း "Yellow River တို့ River of Noreturn" တို့ကို တောင်းပေးတာလဲ ကြားရတယ်ဆိုလို့ဝမ်းသာပါတယ်။ စစ်သည်တွေ ကျင့်ဝတ်အကြောင်း နန္ဒိသေနပျို့ထဲက စာပိုဒ်တွေ သားအလွတ်ဆိုပြတာလဲ အံ့ဩမိတယ်။

"မြို့ရွာကျေးသီး၊ ခရီးတစ်ခွင် ဥစ္စာရှင်က ကြည်လင်မြတ်လေး၊ မပေးမစွန့်၊သတ်ညွှန့်တစ်ခက်၊ဟင်းရွက်တစ်နွယ်၊သက်ငယ်တစ်ပျစ်၊ ဝါးတစ်ဆစ်မျှ၊ သူ့ပစ္စည်းအား၊ မပစ်မှားနှင့်ဆိုတဲ့ နန္ဒိသေနပျို့စကားကို သားဆီက မေမေ ရခဲ့တာပါ။ စစ်စည်းကမ်းတွေ သားပြောပြတာကို တစ်အိမ်လုံးနားထောင်ရတယ်။ ဗျူဟာစက္ကိပျို့ကို သားပြောပြမှသိရတယ်။ ဗိုလ်မှူးအာဏာစစ်ကဲမှာ တည်စေဆိုတာတွေပေါ့၊ ပညာရလိုက်ကြတယ်။ အလုပ်မလုပ်ပါနှင့် သားလစာငွေ ပို့ပေးပါမယ် ပြောပေမယ့် မေမေက အလုပ်မရှိမနေတတ်ဘူး၊ တပ်ထဲဝင်နိုင်အောင် ကျန်းမာရေးဘယ်လိုဂရုစိုက်ခဲ့တယ်ဆိုတာ မိဘများကအသိဆုံးပဲ၊ သားက ဟာသလဲတတ်တယ်။ ဟိုပင် မိုးကောင်းမှာ မိန်းကလေးတွေ လာကြည့်တော့ "ဘာလုပ်လို့လဲဗျာ၊ ဗိုလ်တေဇာလွင်နာမည်နှင့် လူနှင့်မလိုက်လို့ လာမေးတဲ့အခါ၊ ဘောလုံးတော်တယ်ဆိုလို့ပါလို့ ပြောကြတာလဲ ကြားရတယ်။ လက်ထပ်ဖို့ အချိန်စောသေးတယ်တဲ့။"

တပ်ထဲဝင်ပြီးနောက် စည်းကမ်းစနစ်အပြင် သည်းခံအနစ်နာခံတတ်ပြီး နှိမ့်ချစိတ်ပြောလေ့ရှိသူမို့ အားထားခဲ့ကြရပါတယ်။ စစ်ပြန်မဂ္ဂဇင်းမှာလဲ ရင်မှဖြစ်သောသားချစ်ဇာနည် ခေါင်းစဉ်နှင့် ကင်းစောင့်နေပုံတွေ ထည့်ပြီးရေးခဲ့တယ်။

နောက်နှစ်နှစ်ကြာတော့ ခေါင်းစဉ်ပြောင်းလိုက်ရပြီ သားမြစ်ကြီးနားမှာ ရုတ်တရက် ကွယ်လွန်သွားလို့ပါပဲ၊ ဖခင်ဟာတော့ မိုးကြီးပြိုကျသွားသလိုကို ခံစားရပြီး သားစိတ်နှင့် သားနောက်လိုက်ပါသွားပြန်ပါတယ်။ အင်းတော်ကြီး ငှက်ဖျားပိုးက ဦးနှောက်ထဲဝင်သွားလို့ပါပဲ၊ စစ်သွေးစစ်နွယ်နှင့် သေခန်းပြတ်ရတာအပြင် ဒီလိုသားမျိုးမွေးထုတ်ပေးနိုင်တော့တဲ့အတွက် စစ်သားမိခင်ဆိုတဲ့ ဂုဏ်နှင့်ပဲ ကျေနပ်ခဲ့ရပါတယ်။ အခုတလော မဟုတ်မမှန်ပြည်ပက စွပ်စွဲသံတွေ ကြားရပြန်တော့ မခံမရပ်နိုင် ဖြစ်ရပါတယ်။

မြန်မာတပ်မတော်ဟာ သူတို့လို ကြေးစားတပ် မဟုတ်ပါဘူး။ အရေးပေါ်လာတိုင်း အသက်သွေးချွေးများစွာဖြင့် နိုင်ငံကိုကာကွယ်ပေးခဲ့တာပါ။ တပ်မတော်သားဖြစ်ဖို့ ဘယ်လောက် ခဲယဉ်းသလဲ ကိုယ်သာ အသိဆုံး။ အဆိုးမြင်ဝါဒီတွေရဲ့ စွပ်စွဲချက်ထဲမှာ တပ်ကိုမတရားစွပ်စွဲတာတွေပါပါတယ်။ စစ်သည်တော်ကျင့်ဝတ် တွေထဲမှာ သစ္စာရှိရှိ၊ ဥပဒေလိုက်နာ၊ စွမ်းရည်ထက်မြက်၊ တာဝန်ကျေ၊ လုံ့လရှိ၊ လက်နက်မြတ်နိုး၊ စွန့်လွှတ်ရဲရင့်ရင်ဆိုင်ပါ။ ယဉ်ကျေးစွာ အမျိုးသားရေး ဦးစားပေးပါ။ မိန်းကလေးများနှင့် ကင်းရှင်းအောင်နေပါ။ တံစိုးလက်ဆောင်မှန်းပါ။ ရိုးရိုးဝင်ငွေနှင့်ညီအောင်နေပါ။ မူးယစ်ရှောင်ပါ။ လူထုကိုမခြိမ်းခြောက်နှင့်တဲ့။ အကြီးအကဲများရဲ့ ကျင့်ဝတ်တွေလဲရှိသေးတယ် ဒီဥပဒေတွေဟာ ခုမှလုပ်တာမဟုတ်။ အနှစ်(၅၀)ကတည်းက ရှိပြီးသား။ တာတမံတူးဖော်၊ မြေလွတ် မကျန် သီးနှံစိုက်ပျိုး လျှပ်စစ်စီမံကိန်းနှင့် ဥံဖွလို့ ဂါထာမန်းလိုက်သလို **နယ်စပ်ဒေသမကျန် ကူးသန်းရောင်းဝယ်သွားလာရေး လွယ်ကူချောမွေ့နေအောင် ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံတကာဆက်သွယ်ရေးတွေမှာလဲ အဆင်ပြေနေတာကို သိပါလျက်နှင့် သာယာအေးချမ်းနေတာကို မရှုဆိတ်ဘဲ သေးနုပ်သိမ်ဖျင်းတဲ့ စွပ်စွဲချက်တွေနှင့် ဘယ်လိုပဲ အပုပ်ချနေပါစေ နိုင်ငံတော်အစိုးရကတော့ လမ်းကြောင်းမှန်မှန်နှင့် ချီတက်နေကြပြန်ပါပြီ။** ချီတက်ရဲဘော်တွေရဲ့ စစ်ချီတေးတွေလဲ ဘဝင်ညံနေပါပြီ။ တပ်မတော်သားမိခင်အနေဖြင့် စိတ်ဓာတ်လှုပ်ရှားရပုံတွေ မခံရပ်နိုင်တာတွေကို သားထံစာရေးရင်း အနှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုလိုက်ရပါတယ်။ ။

နယ်စပ်ဒေသမကျန် ကူးသန်းရောင်းဝယ်သွားလာရေး လွယ်ကူချောမွေ့နေအောင် ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံတကာဆက်သွယ်ရေးတွေမှာလဲ အဆင်ပြေနေတာကို သိပါလျက်နှင့် သာယာအေးချမ်းနေတာကို မရှုဆိတ်ဘဲ သေးနုပ်သိမ်ဖျင်းတဲ့ စွပ်စွဲချက်တွေနှင့် ဘယ်လိုပဲအပုပ်ချနေပါစေ နိုင်ငံတော်အစိုးရကတော့ လမ်းကြောင်းမှန်မှန်နှင့် ချီတက်နေကြပြန်ပါပြီ။

သန့်ရှင်းရေးလုပ်ငန်းများ မြစ်ကြီးနား၌ဆောင်ရွက်

မြစ်ကြီးနား မတ် ၁၅

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်း သာယာလှပရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (သန့်) ဦးဆောင်သော သန့်ရှင်းရေး ဝန်ထမ်းများ ဖေဖော်ဝါရီ ၂၀ ရက်က မြို့သစ်ကြီးရပ်ကွက် အောင်ဇေရန်အောင်ဘုရားအနီး လမ်းဘေးဝဲ/ယာတစ်လျှောက်တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ အမှူးဆောင်အရာရှိ ဦးအေးဆွေ ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မတ္တရာမြို့နယ် ဈေးအနောက်ဘက်လမ်းအား ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရာ ဖေဖော်ဝါရီ ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမော်၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကိုကိုအောင်တို့ ကြီးကြပ်၍ ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

စာဆိုတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲကျင်းပ

ပျဉ်းမနား မတ် ၅

ပျဉ်းမနားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ၁၃၆၆ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲ၊ စာပေဟောပြောပွဲနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ မြန်မာစာဂုဏ်ထူးရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်က ပျဉ်းမနားမြို့ ရဲရင့်ရုပ်ရှင်ရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး စာပေပြိုင်ပွဲဆုရရှိသူများ၊ မြန်မာစာဂုဏ်ထူးရှင်များကို ဆုများ ချီးမြှင့်ပြီးနောက် စာပေပညာရှင်များဖြစ်ကြသော ဒါရိုက်တာစာရေးဆရာ မောင်နေမျိုး၊ စာရေးဆရာ နွမ်ဂျာသိုင်းနှင့် ဆရာအောင်သင်းတို့က စာပေရေးရာများ ဟောပြောကြသည်။ **(၁၀၁)**

နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို တောင်ကြီးမြို့ အထက(၁)ကျောင်းခန်းမတွင် မတ် ၉ ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးခင်ရွှေက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသားကျောင်းသူများကိုယ်စား ကျောင်းအုပ်ဆရာကြီးဦးညိုလုံးထံ ပေးအပ်စဉ်။

(က-ပ)

သာယာဝတီမြို့နယ် သာယာကုန်းကျေးရွာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

သာယာဝတီ မတ် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ် ဒေါင်းအုပ်စု သာယာကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂ရက်က အဆိုပါကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ခရိုင်ပညာရေးမှူး ဦးစိုးနိုင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုတူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** အခမ်းအနားကို ကျောင်းဆောင်သစ်ခန်းမ၌ ဆက်လက်ကျင်းပရာ မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က သြဝါဒစကား မြွက်ကြားချီးမြှင့်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းအောင်နှင့် ခရိုင်ပညာရေးမှူးတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် ကျောင်း ဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျောင်းဆောင်သစ်အလှူရှင် ဆရာတော်က ခရိုင်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါကျောင်းဆောင်သစ်ကို သာယာဝတီမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဦးလာဘက မတည်ထည့်ဝင်ငွေကျပ် ၆၅သိန်းနှင့် ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ်၁၅သိန်း စုစုပေါင်းငွေကျပ် သိန်း၈၀အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု မိတ္ထီလာမြို့နယ်တွင် ကုမုဒြာ ကတ္တရာလမ်းသစ်ဖွင့်

မိတ္ထီလာ မတ် ၂၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် အရှည်ပေ ၈၀၀၊ အကျယ် ၁၄ပေရှိ မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် ကုမုဒြာ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၈ရက်က အဆိုပါလမ်း မင်္ဂလာမုခ်ဦး၌ကျင်းပရာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး တက်ရောက်အားပေးသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်က ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးဆန်းဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အကုန်အကျခံ

အဆိုပါ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသည် မူလက မြေသားလမ်းဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေကျပ်၈၂၅၀၀၀နှင့် ပြည်သူများထည့်ဝင်ငွေကျပ်၂၀၀၀၀၀၀ စုစုပေါင်းငွေကျပ် ၂၈၂၅၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒလမြို့နယ် ကျွန်စစ်သားရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပညာအလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ်၂၀ ရက်က ကျင်းပရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်မြင့်ဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု မအူပင်မြို့တွင် ခိုင်မာလာနှင့် ခိုင်သစ္စာ ကျောက်ချောလမ်းများဖွင့်

မအူပင် မတ် ၂၆

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော ခိုင်မာလာလမ်းနှင့် ခိုင်သစ္စာကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ရက်က အဆိုပါလမ်းမုခ်ဦး အသီးသီးတွင်ကျင်းပရာ ခိုင်မာလာကျောက်ချောလမ်းသစ်ကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍**(အောက်ပုံ)** လည်းကောင်း၊ ခိုင်သစ္စာကျောက်ချောလမ်းသစ်ကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေ၊ မြို့နယ်ဥက္ကဋ္ဌဦးဘိုထွန်းနှင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ဘူးသီးတောင်-အငူမော် ကျေးလက်ကျောက်ချောလမ်းဖွင့်

ဘူးသီးတောင် မတ် ၁၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဘူးသီး တောင်-အငူမော်လမ်း ကျေးလက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၅ရက်နံနက် ၉ နာရီက အဆိုပါမုခ်ဦးရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မျိုးဝေက ကျောက်ချောလမ်းသစ် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးလှဦးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းကျောက်ချောလမ်းမှာအရှည်ပေ ၇၆၀ ၊ အကျယ် ကိုးပေ ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၁၈၇၅၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ရေကြည်မြို့နယ်တွင် ကျုံတာ-ဇရပ်လှ ကျောက်ချောလမ်းဖွင့်

ရေကြည် မတ် ၂၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် ကျုံတာ-ဇရပ်လှကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၁၆ရက် နံနက် ၈နာရီက ကျင်းပရာ ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမိုးကျော်သူ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အလုပ်အမှုဆောင် ဒေါက်တာဦးရဲဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျုံတာ-ဇရပ်လှ ကျောက်ချောလမ်းသစ်ကို ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေ ၇၈၆၂၈၇၅ကျပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

(မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြု ကျုံပျော် သောင်ကြီး-ဒိုက်ပျက်လမ်းအပိုင်း(၃)ကျေးလက်လမ်းဖွင့်

ကျုံပျော် မတ် ၂၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော သောင်ကြီး-ဒိုက်ပျက်လမ်းအပိုင်း(၃)ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ရက်က အဆိုပါလမ်း မုခ်ဦးရှေ့တွင် ကျင်းပသည်။

ဖွင့်ပွဲအလံပေးအပ်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအေးက ကျောက်ချောလမ်းသစ် ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံ ပေးအပ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးစိုးနိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဒုတိယရဲမှူးကံဌေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ် အတွင်းရေးမှူး ဦးဇော်မင်း တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ **(အောက်ပုံ)**

အဆိုပါကျောက်ချောလမ်းသည် အရှည် ပေ၆၆၀၀၊ အကျယ်ရှစ်ပေရှိပြီး စုစုပေါင်း ငွေကျပ် ၇၇၅၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရေနံချောင်းမြို့နယ် သုံးဆယ့်ခြောက်ကျေးရွာ ကျေးလက်အိမ်ရာစီမံကိန်းအရ ဦးရန်မျိုးအောင်၏နေအိမ်ဆောက်လုပ်မှုကို မတ် ၁၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)



ပန်းဘဲတန်းမြို့နယ် ၂၇လမ်း တိုက် ၁၆၈ / ၁၈၈ နေ ကွယ်လွန်သူ ရဲမှူးကြီး မြတ်စိုးအား ရည်စူး၍ ဒေါ်ယဉ်ယဉ်မေ မိသားစုတို့က ဒဂုံမြို့နယ် အမှတ် ၁၂၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး တိပိဋကကျောင်းတော်၏ တိုးချဲ့ခုနစ်ထပ်ကျောင်းတော်ကြီး အဝီစိတွင်းအတွက် အလှူငွေကျပ် ၁၀သိန်းကို တိပိဋကရေ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ အနုမောဒနတရားနာယူပြီး ရေစက်ချ၍ တိ=နိ(ရန်ကုန်ဌာန) ဘဏ္ဍာတော်ငွေထိန်း ဦးတင်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝိပဿနာကျင့်စဉ်တရား ဟောကြားပြသမည်

ကျောက်ပန်းတောင်း မတ် ၂၅

ကျောက်ပန်းတောင်းမြို့နယ် ဖွေးကျစ်မင်းကုန်းကျေးရွာ မင်းကုန်းကျောင်း သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာတရားပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့ ကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီး၏တပည့် သဲအင်းပြည်တွင်းပြည်ပ သာသနာပြုအဖွဲ့ကြီး၏ ဦးဆောင်နာယက ကျောက်ပန်းတောင်းမြို့ သဲအင်းဝိပဿနာရိပ်သာ နယ်လှည့်ဓမ္မကထိက(မဟာကမ္မဋ္ဌာနာစရိယ) ဘဒ္ဒန္တ ဓမ္မသာမိ အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာကျင့်စဉ်တရားတော်များကို မတ် ၃၁ရက်မှစ၍ ခုနစ်ရက်တိုင်တိုင် ဝိပဿနာ အလုပ်ပေးတရားများ ဟောကြားပြသတော်မူမည်ဖြစ်ကြောင်း သိရသည်။**(ဝ၆၁)**

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ ဘူတာရုံလမ်းနေ ဦးအင်စိုမိသားစုက ပိန်းဇလုပ်မြို့ ရွှေပေါက်ကံရပ်ကွက် ရန်အောင်မြင်မြို့ဦးဆုတောင်းပြည့်စေတီတော် တည်ထားကိုးကွယ်တည်ဆောက်နိုင်ရေးအတွက် မတ်၁၇ရက်က ငွေကျပ်၁၇သိန်း ၂သောင်းကို စေတီတော်တည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကညွတ်ကွင်းမြို့ ပညာရည်မြှင့်တင်ရေးကော်မတီ နွေရာသီ အင်္ဂလိပ်သဒ္ဒါ၊ စကားပြော သင်တန်းဖွင့်

ကညွတ်ကွင်း မတ် ၂၃

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ ကွင်းရှေ့၊ ကွင်းနောက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ကညွတ်ကွင်းမြို့ ပညာရည်မြှင့်တင်ရေးကော်မတီက နွေရာသီအင်္ဂလိပ်သဒ္ဒါ၊ စကားပြောသင်တန်းဖွင့်ပွဲကို မတ် ၁၅ရက် နံနက် ၉နာရီက အောင်တော်မူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကွင်းနောက်ဥက္ကဋ္ဌ ဦးအောင်မြင့်က နွေရာသီသင်တန်းဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ပေးကြသူများကို ကျေးဇူးတင်စကား ပြောကြားပြီး**(အပေါ်ယာပုံ)** ကွင်းရှေ့ဥက္ကဋ္ဌ ဦးစံမြင့်က တက်ရောက်လာကြသော မြို့မိမြို့ဖ၊ သင်တန်းဆရာများ၊ သင်တန်းသားများကို အမှာစကား ပြောကြားကာ ပညာရည်မြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင်စိန်က ILBCသင်တန်းကျောင်းမှ အခမဲ့လာရောက်သင်ကြားပေးသော သင်တန်းဆရာများကို ကျေးဇူးတင်ရှိကြောင်းနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြ ဆွေးနွေးသည်။ အဆိုပါသင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(၁၇၆)**

ကြည့်ရှုစစ်ဆေး

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တောင်ရိုးတန်း စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် ကျောက်ဥယျာဉ်တည်ဆောက်ထားမှုကို ဖေဖော်ဝါရီ ၁၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမျိုးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (၁၆၈)

ဘွဲ့တံဆိပ်တော်ရဆရာတော် ဂုဏ်ပြုပူဇော်ပွဲနှင့် စာပေဟောပြောပွဲ ကြို့ပင်ကောက်၌ကျင်းပ

ကြို့ပင်ကောက် မတ် ၂၇

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ်ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒာစာရ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် တတိယအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သာသနာ့မာမကစာမေးပွဲ စာအောင်ဆုနှင်းသဘင်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပူဇော်ချီးမြှင့်သော မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ တိုက်ကျောင်းပါဠိတက္ကသိုလ်တိုက်အုပ် ဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ စိန္တိတမထေရ်အား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မတ်၂၆ရက် မွန်းလွဲ ၁နာရီက အရှေ့ဘက် မဟာလောကသီရိဘုရားကြီး သံတန်ဆောင်တော်အတွင်း၌ ကျင်းပသည်။

စာပေရေးရာများဟောပြော

ထိုနေ့ညတွင် ဘုရားကြီး မြက်ခင်းပြင်၌ စာအောင်ဆုနှင်းသဘင်နှင့် ဂုဏ်ပြုပူဇော်ပွဲအထိမ်းအမှတ်အဖြစ် စာရေးဆရာ နန္ဒာသိန်းဇံနှင့် အကယ်ဒမီ သုမောင်တို့က စာပေရေးရာများ ဟောပြောကြသည်။ **(ဝ၄ဝ)**

မီးသတ်ယာဉ်စွမ်းရည် ကျိုက်ထိုမြို့၌ လက်တွေ့သရုပ်ပြ

ကျိုက်ထို မတ် ၂၂

ကျိုက်ထိုမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရှိ မြို့မိ၊မြို့ဖများနှင့် အလှူရှင်များက လှူဒါန်းငွေ ၂၀၅၂၁၅၆ကျပ် အကုန်အကျခံ၍ တိုယိုတာမီးသတ်ယာဉ် ခ-၇၄၄၇ကို နီဆန်း(အက်ဖ်ဒီစစ်) ဒီဇယ်အင်ဂျင်သို့ ပြောင်းလဲတပ်ဆင်ပြီး ရေစုပ် ရေပက် လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို မတ်၁၂ရက် နံနက်၈နာရီက ကျိုက်ထိုမြို့ မီးသတ်စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်ဦးနှင့် မြို့မိ၊ မြို့ဖ ဦးစံမြတို့က အမှာစကားပြောကြားကြကာ မီးသတ်ဦးစီးမှူးက မီးသတ်စက်အင်ဂျင်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မီးသတ်ယာဉ် စက်စွမ်းရည်များ လက်တွေ့သရုပ်ပြသကြောင်း သိရသည်။ **(က-ပ)**

လှည်းကူး အထက မြတ်ဆရာ ပူဇော်ပွဲ

လှည်းကူး မတ် ၂၅

လှည်းကူး(အထက)၌ ၁၉၉၅မှ ၂၀၀၅ထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ကျောင်းသူများကသတ္တမအကြိမ်ဆရာကန်တော့ပွဲကို ဧပြီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် လှည်းကူး(အထက)၌ ကျင်းပမည်ဖြစ်သည်။

ဆရာကန်တော့ပွဲသို့ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဆရာဦးမြသောင်း ဖုန်း– ၆၂၉၆၇၂၊ ဒေါ်သန်းသန်းဌေး ဖုန်း– ၆၂၉၀၂၄၊ ကိုစိန်ထွန်း ဖုန်း– ၆၂၉၃၈၈နှင့် ကိုရွှေမန်း အမှတ်(၁၁) အဓိပတိလမ်း ဖုန်း– ၅၃၇၉၆၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်ကျွန်းမြို့နယ် ပျိုးဥယျာဉ်၌ ပန်းအလှပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို ဖေဖော်ဝါရီ ၁၈ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် ဦးစီးအရာရှိ ဦးခင်မောင်မြင့်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများအတွက် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့တို့၏

ဆွေးနွေးအကြံပြုချက်စာတမ်းများ အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ဖတ်ကြားတင်ပြ

ရန်ကုန် မတ် ၂၈

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသား ညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံ ရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊

စာမျက်နှာ ၆ ကော်လံ ၁ ✻

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အလှည့်ကျသဘာပတိအဖွဲ့ဝင်များညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၂၈

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်၊ လုပ်ငန်းကော်မတီဝင်များနှင့် စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❒

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု

❒ စွန့်လွှတ်စွန့်စားတပ်မတော်သား။

ခွန်ရဲသွေး (အေးသာယာ)၏ကဗျာ (စာ-၃)

❒ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ပြည်သူတို့နှင့်အတူ တည်ဆောက်လျက်ရှိသည့် တပ်မတော်။

တက္ကသိုလ်မြတ်သူ၏ဆောင်းပါး (စာ-၈၊၉)

❒ သားထံသို့ပေးစာ — စောမုံညင်း၏ဆောင်းပါး (စာ-၁၅)